ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 13 November 2024 ၁၁၆၄၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

## စုစုပေါင်း တန်ဖိုးငွေကျပ် ၂၄၃၂၇၈၄၀၅ ကျပ်ကို သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၂

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၄ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ဆင်ယင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည် မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကံဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝန ထံ ကထိန်လျာသင်္ကန်းကို ဆက်ကပ်လှူဒါန်းစဉ်။

ယနေ့ ဖတ်စရာ

အာရှကိုမဏ္ဍိုင်ပြု ဖွံ့ဖြိုးမည့်ဤကမ္ဘာမှာ
ဆောင်းပါး စာမျက်နှာ » ၆

မြန်မာနိုင်ငံ စီးပွားရေးပညာ နှစ် (၁၀၀)
ဆောင်းပါး စာမျက်နှာ » ၁၇

၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ဆန်းစစ်ဆွေးနွေးပွဲ ကျင်းပ
စာမျက်နှာ » ၁၀

ကချင်ပြည်နယ် တနိုင်းဒေသ ဝမ်းစာဖူလုံရေးအတွက် သုံးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိ
စာမျက်နှာ » ၁၈

ကြေးမုံ

# အောင်မြင်မှုအခွင့်အလမ်းများဆုပ်ကိုင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဖော်ဆောင်နိုင်

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို စတင်ကျင့်သုံးသည့် ၁၉၈၈ ခုနှစ်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၁၂ ခုတွင် အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၃၈ ဘီလီယံရှိခဲ့သည်။ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို သုံးသပ်ကြည့်သောအခါ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍတွင် သုည ဒသမ ၄၈ ရာခိုင်နှုန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ၁ ဒသမ ဝ၄ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အစဉ်အဆက်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် စိုက်ပျိုးရေးကဏ္ဍ၌ အမေရိကန်ဒေါ်လာ ၁၈ သန်းကျော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁၀၅ သန်းကျော် ရင်းနှီးမြှုပ်နှံထားသည်ကို တွေ့ရသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အောင်မြင်နိုင်သည့် အခွင့်အလမ်းကောင်းများကို ဖမ်းဆုပ်နိုင်ရန်အတွက် ယခုထက်ပိုမိုပြီး ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ထားသည်။

တရုတ်-မြန်မာ နှစ်နိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သွင်းကုန်/ပို့ကုန် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၀၀၀ ကျော် ရှိသောကြောင့် လက်ရှိတွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှု ခိုင်မာအားကောင်းနေသည်မှာ ပေါ်လွင်ထင်ရှားနေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသောကြောင့် စားရေရိက္ခာနှင့် အခြားထွက်ကုန်ပစ္စည်းများကို အဆင့်မီမီ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အခွင့်အလမ်းများရှိသောနိုင်ငံဖြစ်သည်။ ထို့ကြောင့် တရုတ်- မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်မက တိုးမြှင့်သွားလိုကြောင်း နိုင်ငံတော်အကြီးအကဲက တရုတ်နိုင်ငံခရီးစဉ်အတွင်း အသိပေးထားသည်။

ဒေသတွင်းဆောင်ရွက်ချက်များကိုဆိုပါမူ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ် မေလ ၁ ရက်နေ့မှစတင်ပြီး အသက်ဝင်ခဲ့ကြောင်းကို အတည်ပြုပေးခဲ့သည်။ တစ်ဖက်တွင် RCEP သဘောတူစာချုပ်အရ RCEP ဖောင်ပုံစံများနှင့် ဆက်စပ်အာမခံချက် စာရွက်စာတမ်းများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစတင်ပြီး ထုတ်ပေးလျက်ရှိသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စီးပွားရေးအရ အခွင့်အလမ်းများ ရရှိခံစားနိုင်မည်ဖြစ်သည်။

တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သွားနိုင်ရန် မြန်မာနိုင်ငံ၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကို သိသာစွာ ပံ့ပိုးပေးထားသည်။ RCEP သဘောတူစာချုပ်အပြင် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသဆိုင်ရာသဘောတူစာချုပ် (ACFTA) နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့်လွယ်ကူချောမွေ့စေရေး အစီအမံများကြောင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်ခိုင်မာမာ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေး လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနှင့် စားသုံးဆီထုတ်လုပ်ခြင်း စသည့်ကဏ္ဍများတွင် မြန်မာနိုင်ငံ၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လုပ်ကိုင်ပါက ဦးစားပေးပြီး ဝန်ဆောင်မှုများ အထူးပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။ ထို့အပြင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံများကဏ္ဍတွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ဆုံရာ အချက်အချာကျသော လမ်းဆုံနေရာတွင် တည်ရှိသောကြောင့် ရင်းနှီးမြှုပ်နှံသူများအတွက် အလားအလာကောင်းများရှိသည်ကို အသိပေးထားသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်အတွင်း အသိပေးပြောကြားခဲ့သော မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်ပြီး နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းလာအောင် ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။




## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ နံနက် ၉ နာရီမှညနေ ၄ နာရီအထိ ပိတ်ရက်မရှိကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) တွင် ကျောင်းအပ်လက်ခံမည့်ရက် (သတင်းပို့ရမည့်ရက်)နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက်များ ထုတ်ပြန်ကြေညာ

**သန်လျင် နိုဝင်ဘာ ၁၂**

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ပထမနှစ်ဝက်သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းနှင့် တတိယနှစ်၊ စတုတ္ထနှစ်နှင့် ဘွဲ့လွန်တန်း ဒုတိယနှစ်ဝက် သင်တန်းများ၏ သတင်းပို့လက်ခံခြင်းကို ၁၄-၁၁-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့)မှစ၍ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်းနှစ်အားလုံးကို ၂၁-၁၁-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့) တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၁၁ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၄၃၈ | ၃,၈၅၇,၄၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၁,၅၈၀ | ၅,၂၁၄,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၁,၉၅၀ | ၁,၉၀၀ | ၃၅၁ | ၆၆၉,၄၅၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၇၃၁ | ၁,၂၂၅,၂၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၅၅ | ၂၄၇,၅၀၀ |
| MAEX | ၃,၂၅၀ | ၃,၃၀၀ | ၁,၂၂၂ | ၃,၉၉၆,၅၀၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွား ချီးမြှင့်တော်မူသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကထိန်ခံ

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီးတို့ ရေဆင်းကံဦးကျောင်း ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ စာမျက်နှာ ၃ မှ
နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကံဦးကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇဝနထံ ကထိန်လျာသင်္ကန်းကို လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီးတို့က ရေဆင်းကံဦးကျောင်းဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရေဆင်းကံဦးကျောင်းတိုက်မှ ဆရာတော်နှစ်ပါးတို့က ကထိန်အမေး၊ အဖြေများကို ဆောင်ရွက်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မိသားစု မဟာဘုံကထိန် အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များကို နိုဝင်ဘာ ၁၀ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ခဲ့သည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ်မိသားစု မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင်စုစုပေါင်း အပင် ၉၀၊ ပစ္စည်းတန်ဖိုးငွေ ၁၃၆၂၉၃၃၉၅ ကျပ်နှင့် ငွေသားတန်ဖိုးငွေကျပ် ၁၀၆၉၈၅၀၁၀ ဖြစ်သဖြင့် စုစုပေါင်းတန်ဖိုးငွေ ၂၄၃၂၇၈၄၀၅ ကျပ်ကို လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**လှည့်လည်ကြည့်ရှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြစဉ်။





ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မိသားစု မဟာဘုံကထိန်အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဘရာဇီးလ် ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂူစထာဗို ရော်ချာ ဒီ မင်နင်းဇီးစ် အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်မှုတိုက်ဖျက်ရေး မဟာမိတ်အဖွဲ့ဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံအကြား စတုတ္ထအကြိမ်မြောက် နိုင်ငံရေးရာဆွေးနွေးပွဲ ကျင်းပနိုင်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ အပါအဝင် နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အလားအလာရှိသော ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် UNICEF တို့အကြား လက်ရှိ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၌ UNICEF ၏ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ UNICEF ၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသခွဲရုံးမှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ငြိမ်းချမ်းရေးတက္ကသိုလ်တို့ပူးပေါင်း၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်းဆိုင်ရာ သင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ငြိမ်းချမ်းရေးတက္ကသိုလ် (University for Peace–UPEACE) တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်းဆိုင်ရာသင်တန်း (Training on Peaceful Coexistence and Cultural Diversity) ကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့သည်။ အဆိုပါ သင်တန်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်စပ်အဖွဲ့အစည်းများမှ အလယ်အလတ်အဆင့် အရာထမ်း ၃၀ တက်ရောက်ကြသည်။

သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းနှင့် ပဋိပက္ခများ ဖျန်ဖြေခြင်း၊ နိုင်ငံစုံသံတမန်ဆက်ဆံရေးနှင့် နိုင်ငံတကာဥပဒေများ၊ လူ့အခွင့်အရေး စသည့် ဘာသာရပ်များတွင် အသိပညာတိုးတက်စေရန် ဖြစ်သည်။

UPEACE ကို ငြိမ်းချမ်းရေး၊ ပဋိပက္ခဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၈၀ ပြည့်နှစ်တွင် ကုလသမဂ္ဂမှ အပြည်ပြည်ဆိုင်ရာတက္ကသိုလ်တစ်ခုအဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ UPEACE ၏ ရုံးချုပ်သည် ကော်စတာရီကာနိုင်ငံ၌ရှိပြီး ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E.Mr.Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E.Mr. Iskander Azizov နှင့် တာဝန်ရှိသူများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား Lotte ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နတ်တလင်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေးဟောပြော

နတ်တလင်း နိုဝင်ဘာ ၁၂

ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက နတ်တလင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း မနောဟာဒယခန်းမ၌ ကျင်းပသည်။

ဦးစွာ နတ်တလင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဒေါ်ပပယမင်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဦးကျော်မင်းကိုက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဒေါ်ဝေသဇင်မြင့်က ကလေးသူငယ်အခွင့်အရေးများ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ဝင်းပပအေးက အမျိုးသမီးတို့အတွက် ဥပဒေအကာအကွယ်ပေးခြင်းတို့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောကြသည်။ နတ်တလင်း(ပြန်/ဆက်)



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အာရှကို မဏ္ဍိုင်ပြု ဖွံ့ဖြိုးမည့် ဤကမ္ဘာမှာ

ထက်မြတ်

ဒီတစ်ခါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သွားရောက်ခဲ့တဲ့ တရုတ်နိုင်ငံခရီးစဉ်က တော်တော်လေးကို ထူးခြားမှုတွေရှိနေတာ တွေ့ရပါတယ်။ အရင်ဆုံးမြန်မာ့အမြင်နဲ့ကြည့်မယ်ဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ခရီးစဉ်က မြန်မာနိုင်ငံအတွက် ကောင်းကျိုးများစွာကို ဆောင်ကြဉ်းပေးနိုင်ခဲ့သလို ကျွန်တော်တို့မြန်မာနိုင်ငံကြီး ဒီထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်မယ့်အခွင့်အလမ်း အမြောက်အမြားကိုလည်း သယ်ဆောင်လာပေးနိုင်ခဲ့တာတွေ့ရပါတယ်။ ဒီနေရာမှာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရရဲ့တာဝန်က ဘယ်လောက်အထိကြီးမားတယ်။ ပါဝင်ဆောင်ရွက်ရတဲ့ အခန်းကဏ္ဍက ဘယ်လောက်အထိအရေးပါတယ်။ အစိုးရအဖွဲ့ရဲ့ ဦးဆောင်သူခေါင်းဆောင်ကောင်းတစ်ယောက်ဟာ အခွင့်အရေးသာရမယ်ဆိုရင်၊ အခွင့်အရေးရအောင်သာ ကြိုးပမ်းမယ်ဆိုရင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ နိုင်ငံတော်ရဲ့အမျိုးသားအကျိုးစီးပွားအတွက်ကို ဘယ်လောက်အတိုင်းအတာအထိ လုပ်ဆောင်ပေးနိုင်တယ်ဆိုတာ နောင်လာနောက်သားတွေ အနေနဲ့ မျက်မြင်ထင်ရှားကြုံတွေ့



သင်ယူခွင့်ရရှိလိုက်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့မျိုးဆက်သစ်တစ်ယောက်ဖြစ်တဲ့ မိမိအနေနဲ့ အခုလိုမျိုး နိုင်ငံတော်အစိုးရတစ်ရပ်ရဲ့ အဓိကအားဖြင့် နိုင်ငံတော်အကြီးအကဲတစ်ယောက်ရဲ့ တာဝန်ဘယ်လောက်အထိ ကြီးမားတယ်ဆိုတာကို သင်ယူခွင့်ရတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ဦးစွာပထမပြောလိုပါတယ်။

### ပူးပေါင်းဆောင်ရွက်မှုအတွက် အစည်းအဝေးများ

နိုင်ငံတော်အကြီးအကဲက နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံကိုသွားရောက်ခဲ့တာပါ။ အဲဒီခရီးစဉ်မှာ အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနဲ့ (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား–



လာအို – မြန်မာ – ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးတို့ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒီအစည်းအဝေးသုံးခုဟာ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ သိပ်ကိုအရေးကြီးတဲ့ အစည်းအဝေးတွေဖြစ်တယ်ဆိုတာ အသေအချာပါပဲ။ ဒါ့အပြင် နိုင်ငံတော်အကြီးအကဲက နောက်ထပ်အရေးကြီးတဲ့ အစည်းအဝေးတွေကိုလည်း တက်ရောက်ခဲ့ပါသေးတယ်။

အဲဒီ အစည်းအဝေးတွေကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီကျန်းနဲ့တွေ့ဆုံမှု၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာဝမ်နင်းတို့နဲ့ တွေ့ဆုံမှုအပြင် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနဲ့ တွေ့ဆုံမှုသည်လည်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် သိပ်ကိုအရေးပါတဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဖြစ်ခဲ့ပါတယ်။ ဒါတင်မကပါဘူး။ နိုင်ငံတော်ဝန်ကြီးချုပ်က အစည်းအဝေးကိုတက်ရောက်လာတဲ့ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း စတဲ့ အိမ်နီးချင်းနဲ့ ဒေသတွင်းနိုင်ငံများမှ ခေါင်းဆောင်များနဲ့လည်း နှစ်နိုင်ငံချင်းစီ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပါသေးတယ်။ ဒီလိုဆွေးနွေးမှုတွေကနေ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဆက်လက်လုပ်ဆောင်သွားဖို့အတွက် သဘောတူညီချက်တွေလည်း ရရှိခဲ့တာ တွေ့ရပါတယ်။

### မြန်မာနိုင်ငံနဲ့ပြည်သူများအတွက် အကျိုးရှိစေမယ့်ဆွေးနွေးမှုများ

နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ တရုတ်ခရီးစဉ်အတွင်းမှာ ရရှိခဲ့တဲ့သဘောတူညီချက်တွေ၊ ကတိကဝတ်တွေကိုကြည့်လိုက်ရင် မြန်မာနိုင်ငံနဲ့ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် ဆွေးနွေးမှုများသာဖြစ်ပါတယ်။ အရင်ဆုံး တရုတ်နိုင်ငံရဲ့ ကတိကဝတ်ပြုမှုများကို ဦးစွာပထမ တင်ပြလိုပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် အပြည့်အဝထောက်ခံအားပေးကူညီသွားမည်ဖြစ်ပြီး အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် ထာဝရရပ်တည်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ဆန္ဒပြုကူညီမည့်အကြောင်း၊ မြန်မာနိုင်ငံမြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးသည်အရေးကြီးပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုကြောင်းနှင့် တရုတ်နိုင်ငံအတွင်းအခြေပြု၍ မြန်မာနိုင်ငံ၏အကျိုးပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်ခံမည်မဟုတ်ကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဂိတ်များသည် အစိုးရ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်ဖြစ်ပြီး အပြည့်အဝ စီမံခန့်ခွဲနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ် – မြန်မာစီးပွားရေးစင်္ကြံတည်ဆောက်ရေးသည် ထိပ်တန်းစီမံကိန်းဖြစ်သဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအရေးသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအရေးပင်ဖြစ်သဖြင့် နိုင်ငံတကာစာမျက်နှာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တို့ကို တရုတ်နိုင်ငံဝန်ကြီးချုပ်က ကတိပြုခဲ့တာပါ။

ဒါ့အပြင် ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြား နားလည်မှုစာချွန်လွှာနဲ့ သဘောတူစာချုပ် ခုနစ်ခုကိုလည်း လက်မှတ် ရေးထိုးနိုင်ခဲ့ပါသေးတယ်။ အဲဒီလို သဘောတူညီချက်တွေထဲကမှ



သင်တန်းကျောင်းများ အဆင့်မြှင့်တင်ခြင်း စီမံကိန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် ဓာတုဆိုင်ရာလိုအပ်ချက်များနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူညီချက်၊ တိကျစွာ တိုင်းတာခြင်းနည်းပညာ ပူးပေါင်းဆောင်ရွက်မှုနဲ့ အားကစားမြှင့်တင်ရေးနားလည်မှု သဘောတူညီချက်များဟာ မြန်မာနိုင်ငံအတွက် အင်မတန်မှအကျိုးကျေးဇူးများတဲ့ သဘောတူညီချက်တွေဖြစ်တာ အမှန်ပါပဲ။

ဒါ့အပြင် ကျွန်တော်တို့ရဲ့နိုင်ငံတော်အကြီးအကဲက အစည်းအဝေးကို တက်ရောက်လာတဲ့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်တို့နဲ့ နှစ်နိုင်ငံကြား ဆက်ဆံရေးခိုင်မြဲစေဖို့နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေအတွက် အောက်ပါအကြောင်းအရာများနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေလုပ်ခဲ့ပါသေးတယ်–

(၁) နိုင်ငံများကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်တည်ဆောက်သွားမည့် အခြေအနေများ။

(၂) မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် လက်ရှိ ပကတိအခြေအနေများ။

(၃) လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ။

(၄) အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ။


(၅) အာဆီယံအစည်းအဝေးများတွင် မြန်မာနိုင်ငံမှပါဝင်နိုင်မှုအခြေအနေများ။

(၆) မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် လိုအပ်သည့် အခြေအနေများနှင့် ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့မှလည်း အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ။

**စာမျက်နှာ ၇ သို့** ❖

❖ စာမျက်နှာ ၆ မှ အဆက်

(၇) မြန်မာ – ကမ္ဘောဒီးယား – လာအို နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ။



(၈) ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များ။

(၉) နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များပဲဖြစ်ပါတယ်။

## တရုတ်နိုင်ငံရဲ့အမြော်အမြင်

အထက်မှာဖော်ပြခဲ့တဲ့ ထိပ်သီးအစည်းအဝေးတွေထဲမှာ တရုတ်နိုင်ငံအနေနဲ့ တိုက်ရိုက်ပါဝင်ပတ်သက်မှုရှိတာက မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးတစ်ခုတည်းမှာပါ။ ဒါပေမဲ့ ထိပ်သီးအစည်းအဝေး သုံးခုစလုံးကိုသာမက တခြားသောဆက်စပ်အစည်းအဝေးတွေကိုလည်း တရုတ်အစိုးရက လက်ခံကျင်းပခဲ့ပါတယ်။ ဒီအခြေအနေက နည်းနည်းလေးတော့ ထူးခြားနေတာအမှန်ပါပဲ။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အကြီးအကဲက တရုတ်နိုင်ငံကိုသွားပြီး အစည်းအဝေးတွေ တက်မယ်ဆိုတဲ့သတင်း ကြားတုန်းက အတွေးတစ်ခုဝင်ခဲ့ဖူးပါတယ်။ ဘာလဲဆိုတော့ ဒီအစည်းအဝေးတွေမှာ တရုတ်နိုင်ငံရဲ့ တိုက်ရိုက်ပါဝင်ပတ်သက်မှုက နည်းပါးနေတာတောင်မှ ဘာကြောင့်များ ဒီလိုမျိုးအစည်းအဝေးတွေကို လက်ခံကျင်းပရတာလဲဆိုပြီးတော့ပါ။ ဒါပေမဲ့ ကိုယ်ကပဲ သိနိုင်တဲ့ဉာဏ်နည်းလို့လားတော့မသိပါဘူး။ အဖြေကိုမသိခဲ့တာအမှန်ပါပဲ။

အခု နိုင်ငံတော်အကြီးအကဲအနေနဲ့ ဒီခရီးစဉ်ကိုသွားရောက်ပြီး ပြန်လာတဲ့အခါကျမှသာ ဒီခရီးစဉ်ရဲ့အရေးပါမှုနဲ့ တရုတ်နိုင်ငံရဲ့အမြော်အမြင်ကြီးမားမှုကို မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရသလို တရုတ်အစိုးရအနေနဲ့ ဘာကြောင့်များ အခုလိုမျိုးအစည်းအဝေးတွေကို လက်ခံကျင်းပရတယ်ဆိုတဲ့ အကြောင်းရင်းကို သိရှိလိုက်ရပါတယ်။ ဒီအချိန်မှာ နိုင်ငံတော်အကြီးအကဲရဲ့ခရီးစဉ်ကို မြန်မာကြည့်မဟုတ်ဘဲ ကမ္ဘာကြည့်အနေနဲ့ ဆက်ပြီးရှုမြင်မိပါတော့တယ်။ အရင်ဆုံး ကျွန်တော်တို့အနေနဲ့ ဒီအစည်းအဝေးတွေကိုလက်ခံကျင်းပတဲ့ တရုတ်နိုင်ငံရဲ့ ရည်ရွယ်ချက်ကို ကြည့်လိုက်ရအောင်ပါ။ တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာထွန်းသစ်စ ထိပ်တန်းနိုင်ငံကြီး တစ်နိုင်ငံဖြစ်သလို ဒုတိယမြောက် စီးပွားရေးအင်အားကြီး နိုင်ငံလည်းဖြစ်ပါတယ်။

ဒါ့အပြင် သူ့ရဲ့ မဟာဗျူဟာကို မျှော်ကြည့်ပြန်ရင်လည်း ငြိမ်းချမ်းရေးနဲ့တည်ငြိမ်အေးချမ်းရေးကို ဗဟိုပြုတဲ့



နိုင်ငံအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုဆီ လျှောက်လှမ်းနေတာကို မြင်တွေ့ရမှာပါ။ ဒီလိုမျိုး လျှောက်လှမ်းရာမှာဒေသတွင်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုက သိပ်ကိုအရေးကြီးပါတယ်။ အိမ်နီးချင်းမှာ၊ ဒေသတွင်းမှာ တိုးတက်ပါမှ ကမ္ဘာတစ်ဝန်းတိုးတက်မှုဆီ ဆက်လက်လျှောက်လှမ်းနိုင်မှာမဟုတ်ပါလား။ ဒါကြောင့် တရုတ်အစိုးရက မဟာမဲခေါင်ဒေသခွဲ အစည်းအဝေးကို ကျင်းပမှုနဲ့အတူ ဆက်စပ်အစည်းအဝေးတွေကိုလည်း အစည်းအဝေး တက်ရောက်လာကြတဲ့ နိုင်ငံများနဲ့ တရုတ်နိုင်ငံတို့ကြား အပြန်အလှန် အကျိုးစီးပွားများ တိုးတက်ပွားများစေဖို့အတွက် ရည်မှန်းကာ ဆွေးနွေးမှုတွေ လုပ်မယ်ဆိုတဲ့ဆန္ဒနဲ့ လက်ခံကျင်းပပေးခဲ့တာ တွေ့ရပါတယ်။

နိုင်ငံတကာသတင်းထုတ်ပြန်ချက်တွေကိုကြည့်မယ်ဆိုရင် သူတို့ရဲ့ရည်ရွယ်ချက်နဲ့ဆန္ဒပြည့်ဝတယ်လို့ပြောနိုင်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြား ရရှိတဲ့သဘောတူညီချက်တွေကို ကြည့်မယ်ဆိုရင်ပဲ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံမှုတွေ လုပ်မယ်ဆိုတာတွေ့ရပါတယ်။ ဒီလို ရင်းနှီးမြှုပ်နှံမှုလုပ်တယ်ဆိုတာ သူ့ဘက်ကိုယ့်ဘက် နှစ်ဦးစလုံးအတွက် ဘယ်သူ့ ဘယ်သူမှ ဆုံးရှုံးနစ်နာခြင်းမရှိပါဘဲ စီးပွားဖြစ်ထွန်းတဲ့ဆောင်ရွက်မှုတစ်ခုဖြစ်တာ အားလုံးအသိပါ။ တရုတ်နိုင်ငံက မြန်မာနိုင်ငံနဲ့သာမက တခြားသောနိုင်ငံများနဲ့လည်း အလားတူ သဘောတူညီချက်တွေ ရရှိခဲ့ပါသေးတယ်။

## တရုတ်နိုင်ငံဦးဆောင်တဲ့ တောင်ကမ္ဘာခြမ်း

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပဲ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံကနေ




ပြန်လာခါနီးအချိန်မှာပဲ တရုတ်နိုင်ငံကို အင်ဒိုနီးရှားသမ္မတလာရောက်ကာ တရုတ်နိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ကြား အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိတဲ့ သဘောတူညီချက်တွေကို လက်မှတ်ထိုးလိုက်နိုင်တာတွေ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ စင်ကာပူနိုင်ငံကို သွားရောက်တဲ့ တရုတ်ဒုတိယဝန်ကြီးချုပ်ကလည်း တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် ၂၅ ရပ်ကို လက်မှတ်ရေးထိုးလိုက်နိုင်ပါသေးတယ်။ ဒီအခြေအနေတွေကနေ ဖော်ပြနေတဲ့အရာကတော့ ကျွန်တော်တို့မြန်မာနိုင်ငံပါဝင်သော အရှေ့တောင်အာရှဒေသကို လွှမ်းခြုံထားတဲ့ အာရှဒေသတစ်ခုလုံးဟာ ကမ္ဘာ့စီးပွားရေးအတွက် မဏ္ဍိုင်တစ်ခုဖြစ်လာပြီဆိုတဲ့ အချက်ပါပဲ။

အမြော်အမြင်ကြီးမားလှတဲ့ တရုတ်နိုင်ငံရဲ့လုပ်ဆောင်မှုတစ်ခုကိုပြပါဆိုရင် ခါးပတ်တစ်ကွင်း၊ လမ်းတစ်ကြောင်းလို့ခေါ်တဲ့ မဟာဗျူဟာမြောက်စီမံကိန်းကြီးကို လက်ညှိုးထိုးပြရပါလိမ့်မယ်။ ဒီစီမံကိန်းမှာ ကျွန်တော်တို့မြန်မာနိုင်ငံကလည်း မဟာဗျူဟာမြောက်အချက်အချာနေရာကနေ ပါဝင်နေတာတွေ့ရပါတယ်။ ဒီစီမံကိန်းကြီးကနေ ဆောင်ကြဉ်းပေးလာနိုင်တဲ့ အရာကြီးတစ်ခုကတော့ ဒေသတွင်းမှာသာမက တစ်ကမ္ဘာလုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကြီးပဲဖြစ်ပါတယ်။ နောက်တစ်ချက်က လက်ရှိအချိန်မှာ တောင်ကမ္ဘာခြမ်းအဖွဲ့အစည်းဆိုတာက တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်မှုတွေမြင့်မားလာနေတဲ့ ဒေသကြီးဖြစ်ပြီး အဲဒီအဖွဲ့အစည်းထဲမှာ ထွန်းသစ်စနိုင်ငံတွေ ပါဝင်နေပါတယ်။ အများအားဖြင့်က အာရှဒေသနိုင်ငံများပါ။ ဒီလိုမျိုးထွန်းသစ်စနိုင်ငံတွေကို ဦးဆောင်လာတဲ့နိုင်ငံကို ပြပါဆိုရင်လည်း တရုတ်နိုင်ငံကိုသာ လက်ညှိုးထိုးပြရမှာဖြစ်ပါတယ်။ ဒါပေမဲ့ တရုတ်နိုင်ငံက သူတစ်နိုင်ငံတည်းဦးဆောင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို သွားနေတာမဟုတ်ပါဘူး။

အကြောင်းရင်းက ကေဝင်ရိုးကမ္ဘာကြီးကနေ ဗဟုဝင်ရိုးကမ္ဘာကြီးကိုဖော်ဆောင်မယ်ဆိုတဲ့ တရုတ်နိုင်ငံရဲ့ ကတိပြုမှုကြောင့်ပါ။ ဒါကြောင့်လည်း တရုတ်နိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က အင်ဒိုနီးရှားသမ္မတ မစ္စတာပရာဘိုဝိုဆူဘီယန်တိုနဲ့ တွေ့ဆုံစဉ် အင်ဒိုနီးရှားနိုင်ငံကိုလည်း တောင်ကမ္ဘာခြမ်းအဖွဲ့အစည်းကို ပူးတွဲဦးဆောင်သွားကြဖို့ ဖိတ်ခေါ်တိုက်တွန်းခဲ့တာဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံဆိုတာကလည်း ကမ္ဘာပေါ်မှာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံတစ်နိုင်ငံပါ။ ဒါ့အပြင် စင်ကာပူနိုင်ငံဆိုသည်မှာလည်း ကမ္ဘာ့စီးပွားရေးဗဟိုချက်တစ်ခုလည်း ဖြစ်လာနေပါတယ်။ ထို့အတူ ဗီယက်နမ်နိုင်ငံတို့၊ ထိုင်းနိုင်ငံတို့ဆိုတာ ဒေသတွင်းမှာ ဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံများသာမက ကမ္ဘာ့အဆင့်အထိ တက်လှမ်းဖို့အတွက် ခြေလှမ်းပြင်နေကြတဲ့ နိုင်ငံများဖြစ်တယ်လို့ ပြောရင်လည်း မမှားနိုင်ပါဘူး။

## ကျေးဇူးအနန္တပါခင်ဗျာ

ကျွန်တော်တို့မြန်မာနိုင်ငံဆိုသည်မှာလည်း ဖွံ့ဖြိုးတိုးတက်မှုတွေဆီ ဦးတည်နေတဲ့နိုင်ငံဖြစ်လာပါပြီ။ ဒီလိုဖြစ်လာအောင်ပဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်တဲ့ အစိုးရအဖွဲ့က တရုတ်နိုင်ငံနဲ့သာမက ဒေသတွင်းနိုင်ငံများနဲ့ပါ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်လာနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ ဒီအချိန်မှာ ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်ကို ပြန်ကြည့်မယ်ဆိုရင် မြောက်ကမ္ဘာခြမ်းမှာ ပြဿနာပေါင်းစုံဖြစ်ပေါ်နေချိန် တရုတ်နိုင်ငံအပါအဝင် ထွန်းသစ်စစီးပွားရေးအင်အားကြီးနိုင်ငံတွေ ပေါင်းစုဦးဆောင်တဲ့ တောင်ကမ္ဘာခြမ်းက ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်လာနေပါပြီ။ ဒီလိုဖွံ့ဖြိုးတိုးတက်မှုတွေရဲ့ ဗဟိုချက်ဝင်ရိုးက ဘယ်မှာရှိမလဲဆိုရင် အာရှဒေသမှာရှိနေမှာပါ။ အာရှဒေသထဲမှာမှ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စီးပွားရေးအခွင့်အလမ်းကောင်းများစွာ ရှိနေမယ်ဆိုတာ အသေအချာပါပဲ။

ဒါကြောင့် တရုတ်အစိုးရရဲ့ခေါင်းဆောင်မှု၊ အာရှဒေသရှိထွန်းသစ်စစီးပွားရေးအင်အားကြီးနိုင်ငံများရဲ့ဦးဆောင်မှု၊ ဖွံ့ဖြိုးဆဲ ဒေသတွင်းနိုင်ငံငယ်များရဲ့ အတူတကွပူးပေါင်းဆောင်ရွက်မှုများနဲ့အတူ အာရှကိုမဏ္ဍိုင်ပြုလာတဲ့ ဤကမ္ဘာဖွံ့ဖြိုးမှုကြီးမှာ မြန်မာနိုင်ငံက တစ်ထောင့်တစ်နေရာကနေ ပါဝင်ခွင့်ရအောင်နဲ့ မြန်မာပြည်သူများရဲ့ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲနဲ့တကွအဆင့်မြင့်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးအနန္တတင်ရှိကြောင်း ထပ်လောင်းပြောကြားလိုက်ရပါတယ်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်နိုင်ငံခရီးစဉ်တွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများက ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍများဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ခဲ့ခြင်းတို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယား ဘုရင့်နိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သော ကောင်းမွန်သည့် ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မြန်မာနိုင်ငံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၊ မြန်မာ–အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ နုဂ္ဂဟအသင်း(ဗဟို)၏ ဝမ်းမြောက်ဂုဏ်ယူ ကြောင်း သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၂ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုဝင်ဘာလ (၅ ရက်မှ ၁၀ ရက်အထိ) သွားရောက်ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ– ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌ အဖြစ် တာဝန်ယူနိုင်ခဲ့ခြင်းတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

## မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများ အတွက် အထူးကောင်းမွန်သည့်အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူခြင်းတို့အတွက် မြန်မာ–အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ–အိန္ဒိယအပြည်ပြည်ဆိုင်ရာ**
**စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်**

## မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်**


တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၈) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် အပြင် အာဆီယံနိုင်ငံများမှ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာ–တရုတ် နှစ်နိုင်ငံပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့သည့် အပြင် အိမ်နီးချင်းနိုင်ငံများအတွက်ပါ အခွင့်အလမ်းကောင်းများ ဖော်ဆောင်နိုင်ခဲ့မှုအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မိမိတို့ မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း**

# မြန်မာ – တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) အဖွဲ့ထံ မကာအို – မြန်မာ ချစ်ကြည်ရေးအသင်း လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာ – တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ပါဝင်သော အဖွဲ့အား မကာအို – မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Jose Wong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် UMFCCI ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံစဉ်မြန်မာအသင်းဥက္ကဋ္ဌက မိမိတို့အနေဖြင့် ဆွေမျိုးပေါက်ဖော်ရင်းနှီးမှုများ ရှိပြီး မြန်မာ–တရုတ် ချစ်ကြည်ရေး အခွန့်ရှည်တည်တံ့ရန်နှင့် ပိုမိုတိုးတက်ရန် အဓိကထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အသင်းအနေဖြင့် နှစ်နိုင်ငံအစိုးရချင်း၊ ပြည်သူချင်း အကျိုးရှိနိုင်မည့် လုပ်ငန်းများကို ဆက်သွယ်ဆက်စပ်တင်ပြပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အချိန်အခါသည် အစိုးရနှစ်ရပ် စာမျက်နှာသစ်၊ ခြေလှမ်းအသစ်များဖြင့် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နေသည့် ထူးခြားသည့်ကာလဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မကာအို – မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက မိမိတို့အသင်းသည် ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှုတို့ကို အဓိကထား ဆောင်ရွက်နေသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များလည်း ပါဝင်ပြီး IT ကဏ္ဍ၊ ဆေးဝါးကဏ္ဍမှစ၍ နယ်ပယ်ပေါင်းစုံတွင် ရင်းနှီးမြှုပ်နှံ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ပညာသင်လာရောက်လိုသူများကိုလည်း ဖိတ်ခေါ်ပါကြောင်း၊ လိုအပ်သည်များ ကူညီပံ့ပိုးစောင့်ရှောက်ပေးမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**သတင်းစဉ်**

# ကျွန်းလှမြို့နယ်၌ ဆောင်းမြေပဲ ၂၃၃၅ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧက ၁၃၈၉၆ အနက် ၂၃၃၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက်စိုက်ပျိုးကြပါတယ်။ ဒီနှစ် ဆောင်းရာသီမှာ မြေပဲစိုက်ပျိုးဖို့ ၁၃၈၉၆ ဧက လျာထားပါတယ်။ တောင်သူတွေ မြေပဲကို စက်တင်ဘာလကစတင် စိုက်ပျိုးကြပြီး ဆက်လက်စိုက်ပျိုးနေကြပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ နည်းပညာပေးသင်တန်းနှင့် ကွင်းပြပွဲများပြုလုပ်ကာ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄ – ၂၀၂၅ ခုနှစ် ဆောင်းရာသီ၌ မြေပဲ ၁၃၈၉၆ ဧက၊ နှမ်း ၁၄၀၃၃ ဧက၊ နေကြာ ၁၂၃၆ ဧက၊ ပန်းနှမ်း ၅၃၄၂ ဧက၊ မုန်ညင်း ၃၅၇ ဧက စုစုပေါင်း ၃၄၈၆၄ ဧကစိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်ထိ ၉၉၇၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၂**

၂၀၂၄ ခုနှစ် တရုတ် - အာဆီယံ လူမှုယဉ်ကျေးမှု ဆွေးနွေးဖလှယ်ရေးနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်မြောက် နှစ်ပတ်လည်အကြို လှုပ်ရှားမှုအဖြစ် တရုတ်-မြန်မာနှစ်နိုင်ငံ ကဏ္ဍစုံ အကျိုးတူပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစွာမြှင့်တင်နိုင်ရန်နှင့် နှစ်နိုင်ငံမီဒီယာပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၂၄ ခုနှစ် တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်ကို ယနေ့ နံနက်ပိုင်းက တရုတ်နိုင်ငံ ယူနန်ပြည်နယ် မြို့တော်ကူမင်းမြို့ရှိ တျန်ချီစုံဖိန် ဗီလာဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ယူနန်ပြည်နယ်ကောင်စစ်ဝန်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။




**တက်ရောက်**

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၄၁ ဦးနှင့် ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ အဖွဲ့ဝင်ခုနစ်ဦး စုစုပေါင်း ၄၈ ဦးဖြင့် စုဖွဲ့တက်ရောက်ခြင်းဖြစ်ပြီး တရုတ်နိုင်ငံမှ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဇိန်းယန့်၊ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖုန်ကျွင့်ရန်၊ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းစု၊ ယူနန်ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ ယူနန်ပြည်နယ်မှ တက္ကသိုလ်ကောလိပ်များ၊ တယ်ဟုန်ပြည်နယ်ခွဲ၊ လင်ချန်းမြို့၊ ပေါင်ရှန်မြို့၊ နုကျန်းပြည်နယ်ခွဲ၊ ဖူအောမြို့၊ စစ်ဆောင်ပန်းနားပြည်နယ်ခွဲ၊ ချူရုံပြည်နယ်ခွဲတို့မှ ပါတီကော်မတီ၊ ပြန်ကြားရေးဌာနများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ တရုတ်ယဉ်ကျေးမှုအကအဖွဲ့က "တောတောင်ရေမြေတစ်သားတည်းဖြစ်တဲ့ ပေါက်ဖော်မေတ္တာ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အကအဖွဲ့က "ပုဂံ"အကဖြင့် ဆက်လက်၍ ဖျော်ဖြေတင်ဆက်သည်။ ထို့နောက် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဇိန်းယန့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိန့်ခွန်းပြောကြားရာတွင် တရုတ်နိုင်ငံအနေဖြင့် အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်များစွာ တည်ရှိမှုနှင့်အတူ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းမှုတွင်လည်း ခေတ်မီနည်းပညာနှင့် ရှေးမှုမပျက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင် မြေငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော သဗ္ဗညုဘုရားကို ပြန်လည်ပြုပြင် မွမ်းမံရေးတွင် နည်းပညာ အကူအညီပေးပြီး ဆောင်ရွက် ပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ အခမ်းအနားများတွင် ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်မှုများ မြှင့်တင်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံဖလှယ်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်နက်ရှိုင်းမှု ဖြစ်ပေါ်စေပါကြောင်း၊ ယနေ့အခမ်းအနားတွင် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပြခန်းများ ခင်းကျင်းပြသရာတွင်လည်း မြန်မာနိုင်ငံ၏ "ပုဂံ"နှင့် ပတ်သက်သည့် ပြခန်းအား ထည့်သွင်း ခင်းကျင်းပြသထားပါကြောင်း၊ မိမိတို့ နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးထုတ်ကုန်၊ မွေးမြူရေးထုတ်ကုန်နှင့် MSMEs ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဆောင်ရွက်ရန် လမ်းညွှန်ထားပြီး နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်တွင် ထည့်သွင်း၍ စိုက်ပျိုးရေးကဏ္ဍကို အလေးအနက်ထား ဆောင်ရွက်နေပါကြောင်း။ (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်မှ ပြောင်းလဲ တိုးတက်လာသည့် ခေတ်မီနည်းပညာဖြစ်သည့် AI ကဲ့သို့နည်းပညာကို အသုံးပြုပြီး အဆင့်မြင့်မီဒီယာ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အတူတကွလက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အခက်အခဲနှင့် စိန်ခေါ်မှုများကိုကျော်လွှားပြီး မြန်မာ-တရုတ် ဆက်ဆံရေးကို ခေတ်သစ်တွင် ပိုမိုကြီးမားသည့် တိုးတက်မှုများရရှိစေရန်၊ နှစ်နိုင်ငံပြည်သူများ အတူတကွလက်တွဲပြီး ပိုမိုသာယာချမ်းမြေ့သည့် အနာဂတ်ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ "မင်္ဂလာပါ မျှော်လင့်ခြင်း လယ်ယာမြေ" ပထမအသုတ် စိုက်ပျိုးရေးစီမံကိန်း မိတ်ဆက်ကြေညာ လက်စွဲစာအုပ်ကို ယူနန်ပြည်နယ် လယ်ယာစိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင် လျိုကျန့်ကော်နှင့် ASIA Flower Mall Myanmar Co,Ltd.MD ဒေါ်ဖွေးဖွေးသန့်တို့က မိတ်ဆက်ပြောကြားကြသည်။

ယင်းနောက် Bilibili မြန်မာဘာသာ Online တင်ဆက်သူ သိုက်နီး (ဆောင်းနေခြည်)နှင့် MRTV မှ မြနန္ဒာတို့က "မင်္ဂလာညီအစ်မ အတူပြောကြ" နိုင်ငံတကာ ပြန်ကြားရေးစီမံကိန်း ပထမအပတ်စဉ် Videoတေးသီချင်းကို နောက်ခံဖြင့် မိတ်ဆက်ပြောကြားကြသည်။ ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ "မုံရွေးရည်" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး ယူနန် YICC မှ ဒေါက်တာထိုက်လွင်ကိုက "ယူနန်လို့ခေါ်တဲ့ ဘဝနေထိုင်မှုတစ်မျိုးရှိတယ်" ပေါက်ဖော်ပြန်ကြားသူ စီမံချက်အား ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ထို့နောက် ယူနန်နေ့စဉ်သတင်းစာအဖွဲ့ ပါတီကော်မတီအတွင်းရေးမှူး သတင်းစာအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဟယ်ဇူးခွင်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က ၂၀၂၄ အွန်လိုင်း New Media မွမ်းမံသင်တန်း ပူးတွဲကျင်းပရေး (LOI) အားလည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ/ညွှန်ကြားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ထွေးတို့က တရုတ်-မြန်မာ စိုက်ပျိုးရေးလုပ်ငန်း အရည်အသွေးသစ်ကုန်ထုတ်စွမ်းအင်တီဗွီအစီအစဉ် အတူတကွဖန်တီးရေး (LOI )ကိုလည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ/ညွှန်ကြားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ရွှေဇာမဏီ သတင်းစာတိုက်မှ အထွေထွေမန်နေဂျာ ဒေါ်ချိုသက်ထွန်းတို့က "ရွှေဇာမဏီ" တရုတ်ဘာသာသတင်းစာတိုက် မီဒီယာများနှင့် သတင်းကဏ္ဍ ၂၀၂၅ ခုနှစ် ပူးပေါင်းဆောင်ရွက်ရေးအတွက် လည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ/ညွှန်ကြားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ဩကာသစာပေမှ တာဝန်ခံ ဦးဟိန်းလတ်တို့က တရုတ်-မြန်မာ နိုင်ငံတကာပြန်ကြားရေးနှင့် ဘာသာပြန်အလုပ်ရုံ ပထမအသုတ်ဂန္ထဝင်စာပေများ အပြန်အလှန် ဘာသာပြန်ဆိုထုတ်ဝေရေးစီမံကိန်းကို လည်းကောင်း၊ တယ်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီ ပြန်ကြားရေးဌာန ဒုတိယဦးစီးမှူး ပြည်နယ်ခွဲအစိုးရ၊ သတင်းရုံးခန်းဌာနမှူး လီဇုန်းမင်နှင့် မြန်မာ-တရုတ်ယဉ်ကျေးမှု ခရီးသွားလုပ်ငန်း တိုးမြှင့်ရေး အသင်းဥက္ကဋ္ဌ လျိုဝေတို့သည် တရုတ်-မြန်မာ ခရီးသွားထွက်ကုန် မိတ်ဆက်ခြင်း၊ ခရီးသွားပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းကိုလည်းကောင်း LED ပေါ်တွင် လက်ရာတင်၍ စက်ခလုတ်နှိပ်ပြီး လုပ်ငန်းများစတင်၍ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်အခမ်းအနားကို တရုတ်နိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဇိန်းယန့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။ ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဧည့်သည်တော်များနှင့်အကြီးအကဲများက ဟိုတယ်အတွင်း ခင်းကျင်းပြသထားသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ယွန်းထည်လက်မှုပညာ ပြခန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ မြန်မာနိုင်ငံဆိုင်ရာ သဘာဝရှုခင်းများ၊ ယဉ်ကျေးမှု၊ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဓာတ်ပုံပြခန်းများ အပါအဝင် ယူနန်ပြည်နယ်မှ ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရုပ်သေးအကအဖွဲ့နှင့် ယူနန်ပြည်နယ်မှ ရုပ်သေးအကတို့ ယှဉ်တွဲဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။ **သတင်းစဉ်**

# မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဆိုင်ရာ AI သင်တန်းဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၁၂**

မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဆိုင်ရာ AI (ဉာဏ်ရည်တုနည်းပညာ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း၌ ကျင်းပသည်။





အဆိုပါသင်တန်းဖွင့်ပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်၍ အမှာစကားပြောကြားရာတွင် ယနေ့ခေတ်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများ မြန်ဆန်လျက်ရှိပြီး နိုင်ငံတကာ၌ AI ကို စက်မှုလုပ်ငန်းများအပြင် အခြားလူမှုစီးပွားကဏ္ဍလုပ်ငန်းစုံတွင် တွင်ကျယ်စွာအသုံးပြုလာကြပြီဖြစ်ရာ နည်းပညာဖွံ့ဖြိုးမှုနောက်မကျစေရန်၊ ပြည်သူ့အကျိုးစီးပွားအတွက် အမှန်တကယ်အားထားရသော ခေတ်မီနည်းပညာရှင်ကောင်းများကို ပျိုးထောင်ပေးရန်၊ စီမံကိန်းမှရရှိသော နိုင်ငံတကာနည်းပညာ မျှဝေဖလှယ်မှုများကို အခြေခံ၍ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်တွေ့ကျကျအသုံးချနိုင်ရေး ဆက်စပ်ဌာနနှင့် အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး သင်တန်းဆရာများက မိတ်ဆက်စကားပြောကြားကြသည်။

အခမ်းအနားသို့ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် ပြင်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စီမံကိန်းအဖွဲ့ဝင်များနှင့် သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကို နိုဝင်ဘာ ၂၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ဆန်းစစ်ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၂**

နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် ၂၀၂၃ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော လူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပြန်လည်ဆန်းစစ်ရန်အတွက် ဗဟိုအဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့ ဟန်ချက်ညီညီ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးတက်စေရေး အားကြိုးမာန်တက် ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးတွင် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်မှာ မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာလအလွန်တွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ဥပမာ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါနှင့် ပတ်သက်၍ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် အားစိုက်ဆောင်ရွက်ခဲ့သဖြင့် အဆိုပါရောဂါများ ကပ်ရောဂါအသွင် မဖြစ်ပွားခြင်းမှာ ထူးခြားသောစွမ်းဆောင်နိုင်မှုတစ်ရပ်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ် (အထူးသဖြင့် ရာဂီမုန်တိုင်း)ကြောင့် ရေကြီးရေလျှံဖြစ်ပွားသည့် ဒေသများတွင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ထိရောက်စွာ အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကဲ့သို့သော ကူးစက်ရောဂါများ မဖြစ်ပွားအောင် ကြိုးပမ်းနိုင်ခဲ့ကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်အောင်မြင်လာသည်နှင့်အမျှ ဆေးရုံဆေးခန်းများတွင် ကုသပေးရမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာ အေးထွန်းက ကျေးလက်ကျန်းမာရေးဌာနများ လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေကို ကြီးကြပ်ဆောင်ရွက်ရန်နှင့် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ဆောင်ရွက်ပေးရန် ပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲ ဒုတိယပိုင်းအစီအစဉ်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဆက်လက်ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများက ၂၀၂၃ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အားသာချက်၊ အားနည်းချက်၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းလျာထားမှုများကို ဆွေးနွေးကြသည်။



ဆန်းစစ်ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၄ ရက်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ဆွေးနွေးပွဲ တတိယနေ့တွင် ၂၀၂၃ ခုနှစ်အတွင်း လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထူးချွန်စွာဆောင်ရွက်နိုင်ခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများအား ဂုဏ်ပြုဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် ဧရာဝတီတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းကျင်းပသော ဧရာဝတီတိုင်းဒေသကြီးအတွက် ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပသည်။



အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်တက်ရောက် အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးကြည်အောင်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Cooperation Coordinator Ms. Bonny Foo တို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၊ အခြေခံမူများ၊ အကောင်းဆုံး လှုပ်ရှားမှုစံနမူနာများနှင့် သက်ဆိုင်သည့် ဗဟုသုတများကို နားလည်လက်ခံ လေးစားလိုက်နာစေရန် သာမက ပြန်လည်ဆင့်ပွားပေးနိုင်ရန်နှင့် လုပ်ငန်းများတွင် ပိုမိုတက်ကြွစွာနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ထို့အတူ ကြက်ခြေနီလှုပ်ရှားမှု၏ လူမှုကရုဏာလုပ်ငန်းများကိုအများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည် သဘောပေါက်စေရန်နှင့် ကြက်ခြေနီ လှုပ်ရှားမှုများတွင် ပိုမိုပါဝင် ဆောင်ရွက်လာစေရန်၊ ပြည်တွင်း/ပြည်ပရှိဘေးအန္တရာယ်ကျရောက်လွယ်သူများ အတွက် လူမှုကရုဏာအကူအညီ ပေးနိုင်သည့် စွမ်းဆောင်ရည်ပြည့်ဝသော အမျိုးသား ကြက်ခြေနီအသင်း ဖြစ်လာစေရန်လည်း ရည်ရွယ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်မြို့၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့်သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့ လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်၉ နာရီခွဲက ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ကျင်းပရာ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်ကိုဦးက မီးခိုးမြူငွေ့၏ဆိုးကျိုးများနှင့် ကာကွယ်နိုင်သည့်နည်းလမ်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းအောင်က ရာသီဥတုပြောင်းလဲလာခြင်းနှင့် ရေဖြူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းအောင်က သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာမှု၊ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်သည့် အကြောင်းရင်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**



# ဒက္ခိဏသီရိမြို့နယ် သမဝါယမအသင်းစုလီမိတက် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ် တင်မြှောက်ပွဲကို နိုဝင်ဘာ ၉ ရက်က ဒက္ခိဏသီရိမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒက္ခိဏသီရိမြို့နယ် သမဝါယမအသင်းစု လီမိတက်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။



ထို့နောက်တိုင်းဒေသကြီးအဆင့်ဖွဲ့စည်းရေးကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ခြင်းနှင့် ပတ်သက်၍ အဆိုပြု ထောက်ခံရွေးချယ်သည့်စနစ်၊ လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်သည့်စနစ်တို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များ၏ဆန္ဒအတိုင်း သမဝါယမကိုယ်စားလှယ်များ အတွင်းမှ အမှုဆောင်ဒါရိုက်တာအဖွဲ့ ငါးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့ကို ရွေးချယ် တင်မြှောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများ အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ မီးခိုးမြူငွေ့ လျှော့ချရေး၊သဘာဝဘေးအန္တရာယ်ဆိုင်ရာများနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောပွဲကို အထက(လှည်းကူး) အောင်ဆန်းခန်းမ၌ နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ပြုလုပ်သည်။

**လက်ကမ်းစာစောင်များဖြန့်ဝေ**

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်ဖြိုးကျော်က မီးခိုးမြူငွေ့ လျှော့ချရေးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားပေးကာ မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။



ယင်းဟောပြောပွဲသို့ အထက(လှည်းကူး)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်နွယ်(တာဝန်ခံ)နှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုထက်**

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ မိတ်ဆုံစားပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၂**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ မိတ်ဆုံစားပွဲကို ယနေ့မွန်းလွဲပိုင်းက ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွား လာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

မိတ်ဆုံစားပွဲတွင် ပြည်ထောင်စု ဝန်ကြီးက ဝန်ထမ်းများမိတ်ဆုံ စားပွဲကို ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှု ရှိစေရန်နှင့် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုပေးရသော ကဏ္ဍတစ်ခုဖြစ်သောကြောင့် ဝန်ထမ်းများအနေဖြင့် ခေတ်ကာလနှင့် လိုက်လျောညီထွေ ရှိသော နည်းပညာများ၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော ဘာသာရပ်များကို ကြိုးစားလေ့လာကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အရည်အချင်းပြည့်ဝပြီး ဝန်ကြီးဌာနနှင့် နိုင်ငံအကျိုးသယ်ပိုးနိုင်သော ဝန်ထမ်းကောင်းများ ဖြစ်စေရန်နှင့် တာဝန်များကို ကျေပွန်စွာ ကြိုးစားထမ်းဆောင်ကြရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုံးလုပ်ငန်းများ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းပြိုင်ပွဲ၌ ဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ယှဉ်ပြိုင် လွှတ်တင်ပူဇော်မည့် စိန်နားပန်မီးပုံး ပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုပြီး စိန်နားပန်မီးပုံးပြုလုပ်နေကြသည့် မီးပုံးပျံပညာရှင်နှင့် အဖွဲ့ဝင်များကို နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလယ်သမားအလုပ်သမား အင်အားစုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆ / ၂၀၂၄ )**

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် )

**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး၊ လိပ်ပြာကန်ရပ်ကွက်၊ မော်ကန်(၁)လမ်း၊ လန်းဆန်းအိမ်ရာ၊ အမှတ်(A/၄၀၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီကို** ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ၏** မှတ်ပုံတင်အမှတ်မှာ(၅၃) ဖြစ်ပါသည်။

(ပုံ)ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများဒီပလိုမာသင်တန်း အမှတ်စဉ်(၁)အပိုင်း(၃) သင်တန်းဆင်းပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံ စာရင်းကောင်စီက ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း (နေပြည်တော်)၌ ဖွင့်လှစ်သည့် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာ စာရင်းစံများ ဒီပလိုမာသင်တန်း အမှတ်စဉ်(၁) အပိုင်း(၃) (Diploma in IPSAS၊ Batch-I၊ Level-III) သင်တန်းဆင်းပွဲအခမ်း အနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက နိုင်ငံပိုင် ကဏ္ဍ စာရင်းထားနည်းစနစ် ကောင်းမွန်မှုသည် ခိုင်မာအားကောင်းသည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်တစ်ရပ် ဖြစ်ပေါ်စေရေးတွင် အဓိကကျသည့်အခန်း ကဏ္ဍမှပါဝင်ပါကြောင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းများတွင် နိုင်ငံပိုင် ကဏ္ဍအတွက် နိုင်ငံတကာ စာရင်းစံများကို သိရှိနားလည်သည့် လူ့အရင်းအမြစ်များ လိုအပ်ပါကြောင်း၊ သို့ဖြစ်ရာ သင်တန်းသားများအနေဖြင့် မိမိတို့လေ့လာ သင်ယူခဲ့ရသည့်သင်ခန်းစာများကို လုပ်ငန်းခွင်တွင် ထိရောက်ကောင်းမွန်စွာ လက်တွေ့ပြန်လည် အသုံးချကြရန်၊ မိမိသိရှိထားသည့် အသိပညာ ဗဟုသုတများကို လည်း ပြန်လည်မျှဝေပေးခြင်း၊ ကိုယ်တိုင် စဉ်ဆက်မပြတ် ဆက်လက်လေ့လာခြင်းတို့ဖြင့် ဝန်ထမ်းတစ်ဦး၏ ကိုယ်ပိုင် အရည်အချင်းများ ပိုမိုတိုးတက်အောင် လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်သွားမည်**

ထို့နောက် သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါသင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းသား ၁၅ ဦး၊ ဝန်ကြီးဌာနများမှ သင်တန်းသား ၃၆ ဦး စုစုပေါင်းသင်တန်းသား ၅၁ ဦး တက်ရောက် ပြီးမြောက်ခဲ့ပြီး အပိုင်း(၃)အထိ အောင်မြင်ပြီးမြောက်သူများကို ဒီပလိုမာဘွဲ့ ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်းသိရသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦးနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကနှင့် သင်တန်းသားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံ စာရင်းကောင်စီရုံးမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

# အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် **"Amplifying the leadership of persons with disabilities for an inclusive and sustainable future"**ကို **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"** ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါ အချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊
(ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊
(ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊
(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊
(င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊
(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် ( ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ နေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)
(ဆ) မသန်စွမ်းသူများ၏အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ SDGs နှင့် ချိတ်ဆက်နေကြောင်း ရှင်းလင်းတင်ပြချက်၊
(ဇ) အကြံပြုချက်များ၊
(ဈ) သတ်မှတ်ချက် - ပြိုင်ပွဲဝင်ဆောင်းပါးသည် ကွန်ပျူတာဖြင့် ဆိုပါက Pyidaungsu Font 13 ဖြင့် A4 (၄) မျက်နှာထက် မပိုစေရ၊ လက်ရေးစာမူဖြစ်ပါက A4 (၆) မျက်နှာထက်မပိုစေရ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၁၄-၁၁-၂၀၂၄)ရက်၊ ကြာသပတေးနေ့၊ ညနေ(၁၆:၀၀) နာရီအထိ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို ဆောင်းပါး(စာမူ)စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဖွင့်ပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် ညနေ ၄ နာရီခွဲက တောင်ကြီးမြို့ အဝေးရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက စူဠာမုနိ လောကချမ်းသာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်ပူဇော်ကြပြီး စိန်နားပန်မီးပုံးပျံ တစ်လုံး လွှတ်တင်ပူဇော်ကြသည်။

ထို့နောက် တောင်ကြီးတန်ဆောင်တိုင် ပွဲတော်အား တောင်ကြီးမြို့ တန်ဆောင်တိုင် ပွဲတော်ကျင်းပရေးကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

**စက်ခလုတ်နှိပ်၍ ဖွင့်လှစ်**


၎င်းနောက် တောင်ကြီးမြို့တန်ဆောင်တိုင် ပွဲတော်ကျင်းပရေးကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ်က တန်ဆောင်တိုင် ပွဲတော်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စိန်နားပန်မီးပုံးပျံတစ်လုံး လွှတ်တင်ပေး၍ တိုင်းရင်းသား တိုင်းရင်းသူများက မီးပုံးပျံ အလတ်အလုံး ၅၀၊ ကျောင်းသား ကျောင်းသူ ၁၀၀၀ က မီးပုံးပျံအသေး ၃၀၀ လွှတ်တင်၍ မီးရှူး၊ မီးပန်းများ ပစ်ဖောက်ကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ညမီးကြီး ၂၂ ပေ ၂၆ လုံး၊ စိန်နားပန် ၁၈ ပေ ၂၁ လုံး စုစုပေါင်း ၄၇ လုံး၊ နေ့လွှတ်အရုပ်မီးပုံးပျံ အရုပ်ခြေနှစ်ချောင်း ၁၄၇ လုံး၊ အရုပ်ခြေလေးချောင်း အလုံး ၄၀၊ အရုပ်အုပ်စု ၂၂ လုံး စုစုပေါင်း ၂၀၈ လုံးပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ညလွှတ်မီးပုံးပျံကို နေ့ရက်အလိုက် ညနေ ၆ နာရီမှ ပွဲစဉ်ပြီးဆုံးသည်အထိ လွှတ်တင်သွားမည်ဖြစ်ပြီး နေ့လွှတ်အရုပ်ပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နေ့ရက်အလိုက် လွှတ်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)








# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တတိယသက်တမ်း လှုပ်ရှားမှုပုံရိပ်များ(၂) စာအုပ်ထုတ်ဝေ

**ရန်ကုန် နိုဝင်ဘာ ၁၂**

၂၀၁၄ ခုနှစ် မတ်လတွင် စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ယခုအခါ တတိယသက်တမ်းသို့ ရောက်ရှိခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စာပေနှင့်သတင်းမီဒီယာနယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များပါဝင်သော ကောင်စီဝင် ၂၂ ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တတိယသက်တမ်းသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစ၍ နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို သတင်းမီဒီယာဌာနအသီးသီးမှ သတင်းမှန်ထုတ်ပြန်နိုင်ရေး၊ ပြည်သူလူထု၏ သတင်းသိပိုင်ခွင့်ကို မှန်ကန်စွာဆောင်ရွက်နိုင်ရေး၊ သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် သင်တန်းများဖွင့်လှစ်ခြင်း၊ သတင်းတုသတင်းမှားများကို စိစစ်ဝေဖန်သုံးသပ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စာသင်ကျောင်းများ၊ အရပ်ဘက်အဖွဲ့အစည်းများတွင် ဟောပြောပွဲများ ကျင်းပလျက် သတင်းမီဒီယာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတကာသတင်းမီဒီယာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်များနှင့် ညီညွတ်မှုမရှိသဖြင့် ဖြစ်ပေါ်လာသည့် အငြင်းပွားမှုကိစ္စများအပေါ်တွင်လည်း နှစ်ဖက်ညှိနှိုင်းဖြေရှင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ တတိယသက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့သည်များကို မှတ်တမ်းအဖြစ်ပြုစုထားရှိသည့် "မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တတိယသက်တမ်း လှုပ်ရှားမှုပုံရိပ်များ (၂)" စာအုပ်ကို ထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်သည်။

အဆိုပါစာအုပ်ကို ဌာနဆိုင်ရာများနှင့် သတင်းမီဒီယာလုပ်ငန်းနှင့် ဆက်စပ်ပြီး စိတ်ပါဝင်စားသောအဖွဲ့အစည်းများ၊ စာကြည့်တိုက်များ၊ လေ့လာလိုသူများအတွက် အခမဲ့ဖြန့်ချိလှူဒါန်းလျက်ရှိပြီး မည်သည့်စာကြည့်တိုက်များမဆို မှတ်တမ်းအဖြစ်ထားရှိလိုပါက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖုန်း-၀၉-၄၄၈၀၂၆၃၂၆ သို့ ဆက်သွယ်မှာကြားနိုင်ကြောင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက အခမဲ့ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးရင်ပြင် နေပူခံကျောက်ပြားခင်းခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ နိုဝင်ဘာ ၁၂**

ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီးရင်ပြင်၌ နေပူခံကျောက်ပြားခင်းခြင်းလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အမှာစကားပြောကြားသည်။

ထို့နောက် လောကာနန္ဒာစေတီတော်မြတ်ကြီးရင်ပြင်၌ နေပူခံကျောက်ပြားခင်းခြင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်မိုးက နေပူခံကျောက်ပြားများခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ) ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တက်ရောက် လာကြသူများက နေပူခံကျောက်ပြားခင်းခြင်းလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။




**အမှာစကားပြောကြား**

အကြံပြု ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

○ သာစည်မှ

လမ်းခရီးတွင် ဘူတာစဉ်ရပ်တန့်ပေးသွားမည်ဖြစ်ပြီး အဆိုပါ RBE ရထားတွဲဆိုင်းတွင် ခရီးသည်ရပ်စီး/ထိုင်စီး စုစုပေါင်း ၁၀၀ စီးနင်းလိုက်ပါနိုင်ကာ ခရီးသွားလက်မှတ်ခအား ခရီးစဉ်အစမှအဆုံးထိ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် ခရီးတစ်ဝက်လိုက်ပါစီးနင်းပါက ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် လက်ရှိပြေးဆွဲပေးလျက်ရှိသော ရထားခရီးစဉ်များတွင် ခရီးသည်စီးနင်းမှု များပြားလာသည်နှင့် အမျှ ရထားတွဲဆိုင်းများ ပိုမိုချိတ်ဆက်ခြင်း၊ ရထားစင်းရေတိုးမြှင့်ပြေးဆွဲခြင်း အစီအစဉ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ခရီးသွားမိဘပြည်သူများအနေဖြင့် လုံခြုံစိတ်ချစွာ လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဟားခါးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ဟားခါး နိုဝင်ဘာ ၁၂**

ရောဝတီတိုင်းဒေသကြီး ဟားခါးမြို့နယ်၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဟားခါးခရိုင် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ခရိုင်အဆင့် အသိပညာပေးခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ "ဟားခါ"ခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် ဟားခါးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းနိုင်က အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်ဇင်ဦးက သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့အကြား စစ်ရေးအကူအညီပေးရေး စာချုပ်အား မြောက်ကိုရီးယားခေါင်းဆောင် အတည်ပြု



**ပြုံယမ်း နိုဝင်ဘာ ၁၂**

မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့အကြား စစ်ရေးအကူအညီပေးရေး စာချုပ်အား မြောက်ကိုရီးယားနိုင်ငံက အတည်ပြုသည့်အမိန့်ကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ယင်းစာချုပ်တွင် ရုရှားနှင့် မြောက်ကိုရီးယားအကြား နိုင်ငံတစ်ခုခုတွင် စစ်ရေးအရ တိုက်ခိုက်ခံနေရပါက အခြားတစ်နိုင်ငံက ချက်ချင်းအကူအညီပေးရေးကိစ္စကို သဘောတူညီခဲ့ကြသည်။

**လက်မှတ်ရေးထိုး**

ယင်းစာချုပ်ကို ပြီးပြည့်စုံသည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ဟု ခေါ်ဆိုပြီး ပြုံယမ်းသို့ ဇွန်လအတွင်းက ရုရှားသမ္မတ ဗလာဒီမာပူတင် အလည်အပတ်ခရီး သွားရောက်စဉ် လက်မှတ်ရေးထိုးခဲ့သည်။

ရုရှားနှင့် မြောက်ကိုရီးယားအကြား ခိုင်မာသည့် စစ်ရေးမဟာမိတ်ဖွဲ့ထားကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်းအေဂျင်စီက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**

# ပီရူးနိုင်ငံတွင်ကျင်းပမည့် အေပက်ထိပ်သီးဆွေးနွေးပွဲနှင့် ဘရာဇီးနိုင်ငံတွင်ကျင်းပမည့် ဂျီ - ၂၀ ထိပ်သီးဆွေးနွေးပွဲများသို့ ဂျပန်ဝန်ကြီးချုပ် တက်ရောက်မည်



**တိုကျို နိုဝင်ဘာ ၁၂**

ပီရူးနိုင်ငံတွင်ကျင်းပမည့် အေပက်ထိပ်သီးဆွေးနွေးပွဲနှင့် ဘရာဇီးနိုင်ငံတွင်ကျင်းပမည့် ဂျီ -၂၀ ထိပ်သီးဆွေးနွေးပွဲများသို့ ဂျပန်ဝန်ကြီးချုပ် အီရှီဘာ ရှီ ဂဲရု တက်ရောက်မည်ဖြစ်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘာသည် တောင်အမေရိကဒေသနိုင်ငံများသို့ ရှစ်ရက်ကြာ သွားရောက်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူး ဟာရာရှီ ယိုရှီ မာဆာက ပြောကြားသည်။ ဂျပန်နိုင်ငံ၏ လွတ်လပ်ပွင့်လင်းသည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရပ်တည်ချက်များကို အေပက် ထိပ်သီးဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်အီရှီဘာက ချပြဆွေးနွေးမည်ဖြစ်သည်။

ထို့ပြင် ဘရာဇီး၌ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲတွင်လည်း ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးကဏ္ဍတို့တွင် ဂျပန်နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မည်သို့ ပူးပေါင်းဆောင်ရွက်မည်ကို ဆွေးနွေးမည်ဖြစ်သည်။ အဆိုပါ ထိပ်သီးဆွေးနွေးပွဲများ၏ ပြင်ပတွင် ဝန်ကြီးချုပ် အီရှီဘာသည် တရုတ်သမ္မတရှီကျင့်ဖျင်၊ တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုး၊ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်တို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**

# အနောက်ဘက်ကမ်းဒေသ၌ ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်ကွယ်လွန်ခြင်း နှစ် (၂၀) ပြည့် အခမ်းအနားကျင်းပ

**ဂျေရုဆလင် နိုဝင်ဘာ ၁၂**

အနောက်ဘက်ကမ်း ဒေသရှိ ပါလက်စတိုင်းများသည် ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ် ကွယ်လွန်ခြင်း နှစ် (၂၀)ပြည့် အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က ကျင်းပခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

အဆိုပါအခမ်းအနား၌ ယာဆာအာရာဖတ်၏ အုတ်ဂူတည်ရှိရာ ရာမာလာမြို့ရှိ ပါလက်စတိုင်း သမ္မတအိမ်တော်တွင် တာဝန်ရှိသူများက မိန့်ခွန်းအသီးသီး ပြောကြားခဲ့ပြီး ပါလက်စတိုင်းကလေးများက ပါလက်စတိုင်းအလံများ၊ ပါလက်စတိုင်း အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့(ဖာတာ)၏ တံဆိပ်ပါ စာတန်းများနှင့် ကွယ်လွန်သူ ခေါင်းဆောင် ယာဆာအာရာဖတ် ဝတ်ဆင်ခဲ့သည့် ခေါင်းဆောင်းပဝါတို့ကိုဝှေ့ယမ်းကြွေးကြော်ခဲ့ကြသည်။ ယခုနှစ်တွင် ကျင်းပသည့် ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ် ကွယ်လွန်ခြင်း နှစ် (၂၀) ပြည့်မြောက်သည့် အခမ်းအနားသည် ပါလက်စတိုင်းများအတွက် ခက်ခဲသည့်အချိန်တွင် ကျင်းပရခြင်းဖြစ်ပြီး ပါလက်စတိုင်းအား အစ္စရေးက ကျူးကျော်တိုက်ခိုက်နေသည့်အချိန်နှင့် တိုက်ဆိုင်နေကြောင်းနှင့် လက်ရှိအချိန်တွင် ပါလက်စတိုင်းများအပေါ် အစ္စရေး၏ ရာဇဝတ်မှုများ ကျူးလွန်နေခြင်းကို နိုင်ငံတကာက ရေငုံနှုတ်ပိတ်နေကြကြောင်း ပါလက်စတိုင်းအမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့(ဖာတာ)မှ တာဝန်ရှိသူ မိုဟာမက် အယ်လ် အောလ်က ပြောကြားသည်။

နိုင်ငံတကာအလယ်တွင် လွတ်လပ်သည့် ပါလက်စတိုင်းနိုင်ငံအဖြစ်ရပ်တည်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်မှု လိုအပ်ကြောင်း ယာဆာအာရာဖတ် ဖောင်ဒေးရှင်းတာဝန်ရှိသူ အာမက်ဆိုဗော့က ပြောကြားသည်။

ယာဆာအာရာဖတ်သည် ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ပြင်သစ်နိုင်ငံရှိဆေးရုံတစ်ရုံ၌ ကွယ်လွန်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**



# လက်ဘနွန်နိုင်ငံ၌ အစ္စရေး၏တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အီရန်ပါလီမန်အကြီးအကဲနှင့် လက်ဘနွန်ပါလီမန်အကြီးအကဲတို့ဆွေးနွေး



**တီဟီရန် နိုဝင်ဘာ ၁၂**

လက်ဘနွန်နိုင်ငံ၌ အစ္စရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အီရန်ပါလီမန်အကြီးအကဲ မိုဟာမက် ဗက်ကာ ကွာလီဗတ်နှင့် လက်ဘနွန်ပါလီမန်အကြီးအကဲ နဗေး ဘာယီတို့ နိုဝင်ဘာ ၁၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အီရန်သတင်းအေဂျင်စီ အိုင်နာက ပြောကြားသည်။ လက်ဘနွန်နိုင်ငံအား အီရန်ခေါင်းဆောင် အလီခိုမေနီအပါအဝင် အီရန်ပြည်သူများနှင့် အစိုးရက ထောက်ပံ့ပေးမည်ဖြစ်ပြီး နိုင်ငံတကာကလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လက်ဘနွန်နိုင်ငံရရှိရေးအတွက် ဆောင်ရွက်ပေးရမည်ဟု အီရန်ပါလီမန်အကြီးအကဲ မိုဟာမက် ဗက်ကာ ကွာလီဗတ်က ပြောကြားသည်။ အီရန်အနေဖြင့် လက်ဘနွန်နိုင်ငံအား အပစ်အခတ်ရပ်စဲရေးအပါအဝင် လိုအပ်သည့် အကူအညီများကို ပေးအပ်မည်ဟု အီရန်ပါလီမန်အကြီးအကဲက ထပ်လောင်းပြောကြားသည်။ အစ္စရေးသည် ဂါဇာတွင် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို လက်ဘနွန်နိုင်ငံတွင် ထပ်မံကျူးလွန်ရန် ဆောင်ရွက်နေကြောင်း လက်ဘနွန်ပါလီမန်အကြီးအကဲ နဗေး ဘာယီက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# ဟစ်ဇ်ဘိုလာစစ်သွေးကြွအဖွဲ့အား ဆက်လက်တိုက်ခိုက်မည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီးပြောကြား



**ဂျေရုဆလင် နိုဝင်ဘာ ၁၂**

အစ္စရေးတပ်ဖွဲ့များသည် လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာစစ်သွေးကြွအဖွဲ့အား ဆက်လက်တိုက်ခိုက်မည်ဖြစ်ပြီး အပစ်အခတ်ရပ်စဲရေးဆောင်ရွက်မည်မဟုတ်ကြောင်း လူမှုမီဒီယာအိက်စ်တွင် အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်က နိုဝင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့သည် ဟစ်ဇ်ဘိုလာ စစ်သွေးကြွအဖွဲ့အား အင်အားသုံး၍ ဆက်လက်တိုက်ခိုက်မည်ဖြစ်ပြီး ယင်းစစ်ပွဲအောင်မြင်ရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု အစ္စရေးကတ်က ထပ်လောင်းပြောကြားသည်။

ဟစ်ဇ်ဘိုလာစစ်သွေးကြွအဖွဲ့အား အင်အားပြန်လည်ဖြည့်တင်းရေးအတွက် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ခြင်းကို လက်ခံမည်မဟုတ်ဘဲ ဟစ်ဇ်ဘိုလာ စစ်သွေးကြွအဖွဲ့အား ချေမှုန်းနိုင်သည်အထိ တိုက်ခိုက်မည်ဟု ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# မွန်ပြည်နယ်၌ ဆီထွက်သီးနှံ မြေပဲ ၂၈၆၅၉ ဧက၊ နှမ်း ၂၁၇၂ ဧကနှင့် နေကြာ ၁၂၃၂ ဧက လျာထားစိုက်ပျိုးမည်

မော်လမြိုင် နိုဝင်ဘာ ၁၂

ယခုနှစ်တွင် ဆီထွက်သီးနှံ မြေပဲ ၂၈၆၅၉ ဧက၊ နှမ်း ၂၁၇၂ ဧကနှင့် နေကြာ ၁၂၃၂ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ်အတွင်း ဆောင်းဆီထွက်သီးနှံများ ပိုမိုအလေးထား စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အနေဖြင့် ဆောင်းသီးနှံစိုက်ပျိုးသည့် တောင်သူများ သီးနှံအထွက်တိုး ဝင်ငွေတိုးပွားစေရန်နှင့် ဒေသတွင်းစားသုံးဆီဖူလုံစေရေး မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ၊ မြေအမျိုးအစားများ မှန်ကန်အောင် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မြေသြဇာစနစ်တကျသုံးစွဲရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ပြည်နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြည်နယ်အတွင်း ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်မည့် အစီအစဉ်များ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းဆီထွက်သီးနှံ လျာထားစိုက်ပျိုးမှုနှင့် ဆီဖူလုံမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက မြို့နယ်အလိုက် ဆောင်းဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေရရှိရေး၊ လယ်ယာသုံးစက်ကိရိယာများနှင့် စက်သုံးဆီများ ဖြန့်ဖြူးပေးနိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သက်နိုင်(မော်လမြိုင်)





# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ သင်တန်းသားများအား သွားရောက်တွေ့ဆုံအားပေးထောက်ပံ့

သဲကုန်း နိုဝင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက နယ်မြေခံတပ်အစည်းအဝေးခန်းမ၌ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့သင်တန်းသားများအား သွားရောက်တွေ့ဆုံခဲ့သည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ သင်တန်းသားများအား ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ သင်တန်းသားများအား စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က အာဟာရဖြည့်စွက်စာများကိုလည်းကောင်း၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး စိုးဦးဟန်က စစ်ဝတ်ပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းနောက် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# လမ်းများဖောက်လုပ်ရာတွင် လမ်းအင်္ဂါရပ်များ ထည့်သွင်းတည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး ကျင်းပ

လွိုင်ကော် နိုဝင်ဘာ ၁၂

လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ဖြစ်စေရေးနှင့် လမ်းများ ဖောက်လုပ်ရာတွင် လမ်းအင်္ဂါရပ်များ ထည့်သွင်းတည်ဆောက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်နယ်လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လမ်းညွှန်းများ၊ လမ်းအမှတ်အသားများ၊ အသိပေးဆိုင်းဘုတ်များနှင့် လမ်းများအား လမ်းအင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ အသိပညာပေးဆောင်ရွက်မှုနှင့် အန္တရာယ်ကင်းရှင်းရေး စစ်ဆေးဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လမ်းအင်္ဂါရပ်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်မည့် အခြေအနေများနှင့် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုအခြေအနေများ၊ ပြည်သူလူထုအပန်းဖြေရန်နေရာများ ဆောင်ရွက်မည့်အခြေအနေများ၊ ၂၀၂၂ ခုနှစ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသော လမ်းညွှန်းအမှတ်အသားများနှင့်အညီ ဖြစ်စေရေး၊ မြို့တွင်း အရေးကြီးနေရာများ၌ လမ်းညွှန်းအမှတ်အသားများ ပြည့်စုံစွာ ထားရှိစေရေးတို့ကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)



# စစ်ကိုင်းတိုင်းဒေသကြီး၌ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေးညှိနှိုင်းစည်းဝေး

မုံရွာ နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး



ညှိနှိုင်းအစည်းအဝေး (၇/၂၀၂၄) ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးသန်းဆွေဝင်းက (၆/၂၀၂၄) အစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအပေါ် ဌာနဆိုင်ရာများမှ လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအတွင်း မိမိတို့ဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုံခြုံရေး၊ အုပ်ချုပ်ရေးနှင့် စီမံရေးဆိုင်ရာများ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ မြို့သာယာလှပရေးနှင့် မြို့နယ်များအတွင်း အခြေခံစားသောက်ကုန်များရောင်းချပေးနေမှု၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSMEs လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူပြီးစီးမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ပြီး မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၏ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မြန်မာနိုင်ငံ စီးပွားရေးပညာ နှစ်(၁၀၀)ပြည့် အမှတ်တရ ဂုဏ်ပြုဆောင်းပါး

# မြန်မာနိုင်ငံ စီးပွားရေးပညာ နှစ် (၁၀၀)

ဒေါက်တာဝါဝါမောင်

စီးပွားရေးပညာသည် ၁၉၂၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ Department of Economics စတင်ဖွင့်လှစ်ချိန်၌ ရောက်ရှိလာခဲ့သည်။ ယခုနှစ် ၂၀၂၄ ခုနှစ်တွင် စီးပွားရေးပညာ နှစ် (၁၀၀) ရာပြည့်ခဲ့ချေပြီ။ လွန်ခဲ့သည့် အတိတ်ကာလ ၁၉၂၄ ခုနှစ်မှစတင်၍ နိုင်ငံ့စီးပွားရေးနှင့် ပြည်သူတို့၏ လူမှု-စီးပွားကဏ္ဍတို့တွင် စီးပွားရေးပညာက မည်သို့အကျိုးပြုခဲ့သည်ကို မကြာမီကာလတွင် စီးပွားရေးပညာနှစ် (၁၀၀) ရာပြည့် အထိမ်းအမှတ် အခမ်းအနားကို ကျင်းပရင်း ဂုဏ်ပြုမှတ်တမ်းတင်စရာက များပြားလှသည်ဆိုသော် လွန်အံ့မထင်။

ပထမဆုံး စီးပွားရေးတက္ကသိုလ်များ၏ ဆောင်ပုဒ်ကိုကြည့်ပါက **“ဝီရိယ၊ သစ္စာ၊ ဉာဏ၊ သမာဓိ”ဟူသည့် လေးနက်တည်ကြည်မြင့်မားသော ပညာ၏ဂုဏ်ပုဒ်ကို တွေ့ရှိနိုင်ပါသည်။** ယနေ့ စီးပွားရေးပညာဖြင့် အခြားနိုင်ငံနှင့် ရင်ပေါင်တန်းပြီး မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းကြမည်ဆိုပါက ယနေ့ စီးပွားရေးပညာရှင်များသည် ထိရောက်မှု (Effectiveness) နှင့် စွမ်းဆောင်ရည် (Efficiency) ဖန်တီးနိုင်စွမ်းရှိအောင် “ဝီရိယ၊ သစ္စာ၊ ဉာဏ၊ သမာဓိ” ပြည့်စုံမှသာလျှင် အောင်မြင်နိုင်မည်ကို ဖော်ညွှန်းနေသကဲ့သို့ ဖြစ်ပေသည်။

### နိုင်ငံနှင့် ပြည်သူများအကျိုး သယ်ပိုးပေးမည့်ပညာ

စီးပွားရေးပညာရပ်သည် နိုင်ငံနှင့် ပြည်သူများ၏ စားဝတ်နေရေးနှင့် လူမှုအဆင့်အတန်းမြင့်မားရေးတို့အတွက် နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန် အကျိုးပြုခဲ့သည့် ဘာသာရပ်ကြီးဖြစ်ပါသည်။ စီးပွားရေးပညာ၏ အသုံးဝင်မှု လူမှုရေးသိပ္ပံပညာရှုထောင့်မှ သုံးသပ်လျှင် စီးပွားရေးပညာသည် လူ့အဖွဲ့အစည်းအတွင်း ရှားပါးသည့် သယံဇာတ (မြေယာ၊ လုပ်သား၊ အရင်းအနှီး၊ နည်းပညာ စသည်) တို့ကို မည်သို့ခွဲဝေ၊ လဲလှယ်အသုံးပြုခြင်းကို နားလည်ရန် သိပ္ပံနည်းကျနည်းစနစ်များကို အသုံးပြုသည်ဟု ဆိုသည်။

### စီးပွားရေးပညာဆိုသည်မှာ

စီးပွားရေးပညာဘာသာရပ် “Economics” ဟူသည့် ဝေါဟာရအသုံးအနှုန်းသည် “Oikonomia” ဟူသည့် ဂရိစကားလုံး (Greek word)မှ ဆင်းသက်လာခဲ့ပါသည်။ ယင်း၏အဓိပ္ပာယ် မှာ အိမ်တွင်းစီမံခန့်ခွဲမှု (household management) ဖြစ်သည်။ “Oikonomia” တွင် စကားလုံး oikos (household) နှင့် nemein (management and dispensation) တို့ ပါဝင်ခြင်းကြောင့် ဂရိအတွေးအခေါ်ပညာရှင် အရစ္စတိုတယ် (Aristotle, the Greek Philosopher) က စီးပွားရေးပညာကို “အိမ်တွင်းစီမံခန့်ခွဲမှု” သိပ္ပံပညာရပ်အဖြစ်ခေါ်ဆိုခဲ့သည်။ ဆိုလိုသည်မှာ အိမ်ရှင်မတစ်ဦးသည် ပင်လျှင် ဝင်ငွေနှင့် ထွက်ငွေလုံလောက်စေရန်၊ အကြွေးမတင်စေရန် စီမံခန့်ခွဲရခြင်း၊ အကန့်အသတ်နှင့်ရရှိသော မိသားစုဝင်ငွေအား တစ်အိမ်သားလုံး စားဝတ်နေရေးအတွက် အလျဉ်မီစေခြင်း၊ လောက်ငမှုဖြစ်စေရန် စီမံခန့်ခွဲရခြင်းကြောင့် စီးပွားရေးပညာနှင့် ကင်းလွတ်၍ မရနိုင်ပေ။ ထို့ကြောင့် **စီးပွားရေးပညာသည် လူပုဂ္ဂိုလ်၊ အိမ်ထောင်စုများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံအစိုးရများအားလုံးနှင့် သက်ဆိုင်ပါသည်။ လူတို့၏ အခြေခံစားဝတ်နေရေးသည် စီးပွားရေးနှင့် သက်ဆိုင်နေပေသည်။**

### စားဝတ်နေရေး နေ့စဉ်ဘဝအတွက် အခြေခံ သိရှိနားလည်အပ်သည့်ပညာ

အမေရိကန် စီးပွားရေးပညာရှင် သောမတ်စ်ဆိုဝဲလ် (Thomas Sowell)က စီးပွားရေးပညာသည် စီးပွားရေးအဆောက်အအုံတွင် အကြောင်းရင်း (Cause) နှင့် အကျိုးသက်ရောက်မှု (Effect) တို့၏ ဆက်နွယ်မှုများကို လေ့လာခြင်းဖြစ်သည်ဟု ဆိုသည်။ (American economist Thomas Sowell provides another useful definition: Economics is the study of cause-and-effect relationships in the economy.)

သို့ဖြစ်ပါ၍ စီးပွားရေးပညာသည် လူပုဂ္ဂိုလ်၊ စီးပွားရေးလုပ်ငန်း၊ အဖွဲ့အစည်းများနှင့် အစိုးရများက ရှားပါးပြီး အမျိုးမျိုးအသုံးချ၍ ရရှိနိုင်သည့် အရင်းအမြစ်များကို မည်သို့ခွဲဝေသုံးစွဲ ဆောင်ရွက်ကြသည်ကို လေ့လာသည့်ဘာသာရပ်နယ်ပယ်တစ်ခုပင်ဖြစ်သည်။ ထို့ပြင် ဈေးကွက်စီးပွားရေးတစ်ခုတွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ ထုတ်လုပ်မှုနှင့် ဖြန့်ဝေမှုကို ထိုရွေးချယ်မှုများက မည်သို့ သက်ရောက်မှုရှိကြောင်း နားလည်ခြင်းလည်း ဖြစ်ပါသည်။

လက်တွေ့ဘဝတွင် စီးပွားရေးပညာသည် လူတို့၏ နိစ္စဓူဝ တွေ့ကြုံရသည့် စား၊ ဝတ်၊ နေရေးတို့နှင့် ဆက်စပ်နေပေသည်။ သို့ဖြစ်ပါ၍ စီးပွားရေးပညာကို စူးစိုက် ဇောက်ချလေ့လာမှုမပြုသည့်တိုင် လူတိုင်း လူတိုင်း စီးပွားရေးပညာအသိကို အခြေခံသဘောအားဖြင့် သိရှိရန်လိုအပ်မည် ဖြစ်ပေသည်။

### စီးပွားရေးပြဿနာများကို ဖြေရှင်းနိုင်သောပညာ

ကမ္ဘာ့ပထဝီစီးပွားရေးသည် ကိုဗစ်-၁၉ ရောဂါကပ်ဘေးနှင့် ရုရှား-ယူကရိန်းစစ်ပွဲတို့ကြောင့် ကုန်သွယ်ရေးထောက်ပံ့ရေးကွင်းဆက် (Supply Chain) ပြတ်တောက်ပြောင်းလဲမှု၊ ကုန်သွယ်ရေးစစ်ပွဲ (Trade War)၊ ငွေကြေးစစ်ပွဲ (Currency War, De-dollarization)၊ နည်းပညာစစ်ပွဲ (Techno War, Chips War) တို့အပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုတို့ကြောင့် သဘာဝဘေးဒဏ် ထူပြောလာမှုအရ စီးပွားရေး ထိခိုက်ကျဆင်းလာခဲ့ရာ နိုင်ငံအများအပြားအတွက် ထိုသက်ရောက်မှုများကို ယနေ့ ဖြေရှင်းဆောင်ရွက်နေကြရပါသည်။

ကမ္ဘာ့စီးပွားရေး ထိခိုက်ကျဆင်းမှုနှင့်ဆက်နွယ်လျက် တစ်နိုင်ငံချင်း၏ စီးပွားရေးထိခိုက်ကျဆင်းမှု၊ နိုင်ငံသားပြည်သူတစ်ဦးချင်း၊ တစ်အိမ်ထောင်ချင်းစီအထိ စီးပွားရေးမပြေလည်သည့် စိန်ခေါ်မှုများကို ပြန်လည်တုံ့ပြန် ရင်ဆိုင်ဖြေရှင်းနေကြရသည်။

တစ်ဖက်ကလည်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု၊ လက်ရှိ စတုတ္ထစက်မှုတော်လှန်ရေး (4IR) နှင့် ၎င်း၏ ပေါ်ထွန်းလာသောနည်းပညာများ၊ ရာသီဥတုပြောင်းလဲမှု၊ ရွှေ့ပြောင်းနေထိုင်မှု၊ မေခရိုစီးပွားရေးနှင့် ဘဏ္ဍာရေးအကျပ်အတည်းများ စသည်ဖြင့် စိန်ခေါ်မှုများလည်းရှိသကဲ့သို့ အခွင့်အလမ်းများနှင့်လည်း တွေ့ကြုံနိုင်ပေသည်။

စီးပွားရေးပညာကို လေ့လာခြင်းဖြင့် အစိုးရမူဝါဒနှင့် စည်းမျဉ်းများ၊ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်အင်အားစုများနှင့် စီးပွားရေးအပေါ် မူဝါဒများ၏ အကျိုးသက်ရောက်မှုအပါအဝင် လူတို့၏ဘဝတွင် ကဏ္ဍအဖုံဖုံကို တန်ဖိုးမဖြတ်နိုင်သော ထိုးထွင်းသိမြင်မှုများ ပေးစွမ်းနိုင်ပါသည်။ စီးပွားရေးပညာသည် အလျင်အမြန် ခေတ်မီပြောင်းလဲနေသည့် ကမ္ဘာ့စိန်ခေါ်မှုများကို မဟာဗျူဟာကျကျ၊ ယထာဘူတကျကျ ကိုင်တွယ်ဖြေရှင်းရန် ချိန်ညှိဆောင်ရွက်ပြင်ဆင်နိုင်ရေးအတွက်လည်း ပံ့ပိုးပေးနိုင်ပါလိမ့်မည်။ လက်တွေ့ဘဝတွင် စီးပွားရေးပညာကို လေ့လာခြင်းအားဖြင့် သက်ဆိုင်ရာစီးပွားရေး ဝေါဟာရအသုံးအနှုန်းနှင့် စီးပွားရေးသီအိုရီများက တကယ့်ကမ္ဘာ့အခြေအနေများတွင် မည်သို့ အသုံးပြုနိုင်သည်ကို သိရှိအသုံးချဖြေရှင်းပေးနိုင်သောပညာဖြစ်ပါသည်။ ထို့ပြင် **စီးပွားရေးပညာသည် စီးပွားရေးပြဿနာများကို ဖြစ်ပေါ်မှသာ ဖြေရှင်းနိုင်သော ပညာရပ်သာမက မဖြစ်ပေါ်အောင်လည်း သုတေသနချဉ်းကပ်မှုများနှင့် ကြိုတင်တားဆီးနိုင်၊ ကြိုတင်ကာကွယ် ဆောင်ရွက်နိုင်ပါသည်။**

> **“စီးပွားရေးပညာကို လေ့လာခြင်းဖြင့် အစိုးရမူဝါဒနှင့် စည်းမျဉ်းများ၊ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်အင်အားစုများနှင့် စီးပွားရေးအပေါ် မူဝါဒများ၏ အကျိုးသက်ရောက်မှုအပါအဝင် လူတို့၏ဘဝတွင် ကဏ္ဍအဖုံဖုံကို တန်ဖိုးမဖြတ်နိုင်သော ထိုးထွင်းသိမြင်မှုများ ပေးစွမ်းနိုင်ပါသည်။ စီးပွားရေးပညာသည် အလျင်အမြန် ခေတ်မီပြောင်းလဲနေသည့် ကမ္ဘာ့စိန်ခေါ်မှုများကို မဟာဗျူဟာကျကျ၊ ယထာဘူတကျကျ ကိုင်တွယ်ဖြေရှင်းရန် ချိန်ညှိဆောင်ရွက်ပြင်ဆင်နိုင်ရေးအတွက်လည်း ပံ့ပိုးပေးနိုင်ပါလိမ့်မည်။ လက်တွေ့ဘဝတွင် စီးပွားရေးပညာကို လေ့လာခြင်းအားဖြင့် သက်ဆိုင်ရာစီးပွားရေး ဝေါဟာရအသုံးအနှုန်းနှင့် စီးပွားရေးသီအိုရီများက တကယ့်ကမ္ဘာ့အခြေအနေများတွင် မည်သို့အသုံးပြုနိုင်သည်ကို သိရှိအသုံးချဖြေရှင်းပေးနိုင်သောပညာဖြစ်”**

### ဆက်စပ်စီးပွားရေးပညာ တိုးချဲ့လေ့လာစရာ

စီးပွားရေးပညာသည် မည်သည့်နယ်ပယ်နှင့်မဆို ပေါင်းစပ်အသုံးပြုနိုင်ပါသည်။ စီမံခန့်ခွဲမှုပညာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ စာရင်းပညာ စသည်တို့သည် မည်သည့်နယ်ပယ်မဆို ပေါင်းစပ်အသုံးပြုနေရပြီး အင်ဂျင်နီယာနယ်ပယ်တွင် Engineering Economics၊ စက်မှုနယ်ပယ်တွင် Industrial Economics၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာနယ်ပယ်တွင် Defense Economics၊ ကျန်းမာရေးနယ်ပယ်တွင် Health Economics၊ ပညာရေးနယ်ပယ်တွင် Educational Economics၊ စိုက်ပျိုးရေးနယ်ပယ်တွင် Agriculture Economics၊ သဘာဝပတ်ဝန်းကျင်နယ်ပယ်တွင် Environmental Economics၊ စီးပွားရေးလုပ်ငန်းများနယ်ပယ်တွင် Business Economics၊ အဖွဲ့အစည်းများနယ်ပယ်တွင် Institutional Economics စသည်ဖြင့် သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် စီးပွားရေးပညာသဘောတရားများကို ထည့်သွင်းပေါင်းစပ်အသုံးပြုနိုင်ပါသည်။ ယနေ့ခေတ်စားနေသည့် Big Data မှ အချက်အလက်များကို ဆန်းစစ်ခြင်း (Data Analysis)၊ အချက်အလက်များမှ စာရင်းအင်း၊ စာရင်းအင်းမှတစ်ဆင့် မူဝါဒဆုံးဖြတ်ချက် ချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ စိစစ်အကောင်အထည်ဖော်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းတို့သည်လည်း စီးပွားရေးပညာအခြေခံများနှင့်ပင် အသုံးချဆောင်ရွက်ကြရပါသည်။

၁၉၂၄ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသို့ အခြေချရောက်ရှိလာခဲ့သည့် စီးပွားရေးပညာသည် မြန်မာနိုင်ငံ စီးပွားရေးပညာ နှစ် (၁၀၀) အတွင်း စီးပွားရေးတက္ကသိုလ် မူလဘာသာရပ်ကြီးများဖြစ်သော ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီမံခန့်ခွဲမှုပညာမှစ၍ စီးပွားရေးအခြေခံဘာသာရပ်များကို Multi-disciplinary စနစ်ဖြင့် စာသင်ကြားလျက်ရှိသည့် Master of Public Administration (MPA), Master of Business Administration (MBA), Master of Development Studies (MDevS), Master of Banking and Finance (MBF), Master of Applied Statistics (MAS), Master of Marketing Management (MMM) စသည်ဖြင့် **စီးပွားရေးပညာဘွဲ့ရများကို ကျောင်းအသီးသီးမှ မွေးထုတ်ကာ တပ်ဘက်၊ နယ်ဘက် ပြည်သူ့ရေးရာ၊ စာပေနှင့် အနုပညာနယ်ပယ် စသည့် ကဏ္ဍများတွင်သာမက ပုဂ္ဂလိကကဏ္ဍနှင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်များအထိ ပါဝင်ဆောင်ရွက်လျက်ရှိကြပါသည်။**

စီးပွားရေးတက္ကသိုလ်များ၊ သမဝါယမတက္ကသိုလ်များ၊ ကောလိပ်များ၊ မဟာဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင်ပါ ကဏ္ဍစုံ စီးပွားရေးပညာဌာနအသီးသီးမှ မွေးထုတ်ပေးလျက်ရှိသော ဘွဲ့ကြိုများ၊ ဘွဲ့လွန်ဒီပလိုမာများ၊ မဟာဘွဲ့များ၊ ပါရဂူဘွဲ့များအား နိုင်ငံ့အကျိုးပြုစေရန် စဉ်ဆက်မပြတ် မွေးထုတ်ဆောင်ရွက်လျက်ရှိကြပါသည်။

**စာမျက်နှာ ၁၈ သို့** ☆

# ကချင်ပြည်နယ် တနိုင်းဒေသ ဝမ်းစာဖူလုံရေးအတွက် သုံးနှစ်စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိ



**တနိုင်း နိုဝင်ဘာ ၁၂**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ တနိုင်းမြို့ ဟူးကောင်းခန်းမ၌ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံပွဲကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်းစားရေရိက္ခာ ဖူလုံရေးအတွက် ဆန်စပါးအထွက်တိုးရေး၊ သီးထပ်စိုက်စွမ်းအား တိုးတက်မြင့်မားရေးနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ခရိုင်/မြို့နယ်များအလိုက် စီမံချက်များရေးဆွဲ၍ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တောင်သူများအား မျိုး၊ မြေ၊ ရေ၊ နည်းစသည့်စိုက်ပျိုးရေးသွင်းအားစုများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်လည်း ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို တိုးတက်မြင့်မားလာအောင် ရင်းနှီးမတည်ပေးလျက်ရှိပါကြောင်း၊ တနိုင်းဒေသ ဝမ်းစာဖူလုံရေးအတွက် သုံးနှစ်စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာ လာမည့်ဘဏ္ဍာနှစ်တွင် ရာနှုန်းပြည့် ဖူလုံလာမည်ဖြစ်ပါကြောင်း၊ တနိုင်းဒေသသည် ဒေသတွင်း စားဆီဖူလုံမှုရှိသော ဒေသတစ်ခု ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပထမနှစ်စက်ဝန်းတွင် ရန်ပုံငွေကျပ်သန်း ၃၀၀ ရင်းနှီးမတည်ပေးနိုင်ခဲ့ပြီး ယခုဒုတိယနှစ်စက်ဝန်းအတွက် ကျပ်သန်းပေါင်း ၅၆၀ ကို ထပ်မံရင်းနှီးမတည်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ စားရေရိက္ခာဖူလုံရေးအတွက် အားလုံးက စည်းစည်းလုံးလုံးဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးက နယ်မြေဒေသ အခြေအနေများ၊ လုပ်ငန်း ဆောင်ရွက်မှုများနှင့် ဒေသလိုအပ်ချက်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြို့မိမြို့ဖများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ တာဝန်ရှိသူများက တနိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် မြစ်ကြီးနား-တနိုင်း လမ်းပိုင်း ပြုပြင် ဆောင်ရွက်ပေးနိုင်ရေး၊ လျှပ်စစ်မီး အချိန်တိုးမြှင့်ပေးနိုင်ရေး၊ လမ်း၊ တံတားလိုအပ်ချက်၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့က မြို့နယ် ကြက်ခြေနီတပ်ဖွဲ့အတွက် ဝယ်ယူပေးခဲ့သော အရေးပေါ်လူနာတင်ယာဉ် တစ်စီးအား လွှဲပြောင်းပေးအပ်ပြီး ပြည်နယ်ဝန်ကြီးများက လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအတွက် ထောက်ပံ့ချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

☆ စာမျက်နှာ ၁၇ မှ

### အနာဂတ်တွင် ရင်ဆိုင်ကျော်လွှားစွန့်စားရမှုအသစ်များ

တစ်ဖက်တွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု၊ လက်ရှိစတုတ္ထစက်မှုတော်လှန်ရေး (4IR) နှင့် ၎င်း၏ ပေါ်ထွန်းလာသောနည်းပညာများ၊ ရာသီဥတုပြောင်းလဲမှု၊ ရွှေ့ပြောင်းနေထိုင်မှု၊ မေခရိုစီးပွားရေးနှင့် ဘဏ္ဍာရေးအကျပ်အတည်းများ စသည်ဖြင့် စိန်ခေါ်မှုများလည်းရှိသကဲ့သို့ အခွင့်အလမ်းများနှင့်လည်း တွေ့ကြုံနိုင်ပေသည်။

ပထဝီနိုင်ငံရေး (Geo Politics)၊ ပထဝီစီးပွားရေး (Geo-economy) တို့သည်လည်း နီးကပ်စွာဆက်စပ်လာခြင်းတို့ကြောင့် ထို**စွန့်စားရမှုအသစ်များကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ပြောင်းလဲနေသော ကမ္ဘာ့နိုင်ငံရေးဘောဂဗေဒ (Political Economy) ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများ (Development Strategies in a changing global political economy)** ကို ပြင်ဆင်ချဉ်းကပ်**ဆောင်ရွက်ရန် လိုအပ်**ပါသည်။

စီးပွားရေးပညာကို လေ့လာခြင်းဖြင့် အစိုးရစည်းမျဉ်းများ၊ ကမ္ဘာလုံးဆိုင်ရာဈေးကွက်အင်အားစုများနှင့် စီးပွားရေးအပေါ် မူဝါဒများ၏ အကျိုးသက်ရောက်မှုအပါအဝင် လူတို့၏ဘဝတွင် ကဏ္ဍအဖုံဖုံကို တန်ဖိုးမဖြတ်နိုင်သော ထိုးထွင်းသိမြင်မှုများပေးစွမ်းနိုင်ပါသည်။ စီးပွားရေးပညာသည် အလျင်အမြန် ခေတ်မီပြောင်းလဲနေသည့် ကမ္ဘာ့စိန်ခေါ်မှုများကို မဟာဗျူဟာကျကျ ကိုင်တွယ်ဖြေရှင်းရန် ကိုက်ညီဆောင်ရွက်ပြင်ဆင်နိုင်ရေးအတွက်လည်း ပံ့ပိုးပေးနိုင်ပါလိမ့်မည်။

### အနာဂတ် အမိမြန်မာပြည်စီးပွားရေး နှစ် (၁၀၀) ပြည့်တွင် ဆင့်ပွားကြိုးစားရေး

လက်ရှိတွင် စီးပွားရေးပညာဆိုင်ရာ ဘွဲ့ရများသည် အသီးတစ်ရာ အညွှာတစ်ခုဆိုသကဲ့သို့ နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင် မိမိတို့သင်ယူတတ်မြောက်ထားသော စီးပွားရေးပညာရပ်များကို အသုံးချ၍ နယ်ပယ်အသီးသီး၊ ရာထူးတာဝန်အဆင့်ဆင့်တို့တွင် နိုင်ငံအတွက် တစ်ထောင့်တစ်နေရာမှ အရေးကြီးသော တာဝန်များကို ထမ်းဆောင်လျက်ရှိကြပါသည်။

ထို့ကြောင့် ကြုံတောင့်ကြုံခဲ စီးပွားရေးပညာနှစ် (၁၀၀) ရာပြည့် အထိမ်းအမှတ် အခမ်းအနားကြီးကို စီးပွားရေးပညာရပ်နယ်ပယ် ပိုမိုကျယ်ပြန့်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပြီး မျိုးဆက်သစ်လူငယ်များ ပိုမိုသိရှိလေ့လာသင်ယူအသုံးချနိုင်စေရေး၊ နိုင်ငံ့စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းများ၊ ထုတ်ကုန်များ တိုးတက်အောင်မြင်စေရေး၊ စီးပွားရေးအခွင့်အလမ်းကောင်းများ ဖော်ထုတ်နိုင်ရေးတို့ကို ရည်မှန်းချက်ထားပြီး နိုင်ငံအကျိုးပြုဘာသာရပ်ကြီးဖြစ်သည့်အတွက် **စီးပွားရေးပညာနှစ် (၁၀၀) ရာပြည့် အထိမ်းအမှတ် အခမ်းအနားကြီးကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးအပတ်တွင် နေပြည်တော်၌ နယ်ပယ်နှင့် အလွှာအသီးသီးမှ စီးပွားရေးပညာဘွဲ့ရများက စုပေါင်းဆင်နွှဲရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။** အထိမ်းအမှတ် အခမ်းအနားတွင် ဖွင့်ပွဲ၊ ပြခန်းနှင့် ကုန်စည်ပြပွဲ၊ စာတမ်းဖတ်ပွဲနှင့် အထိမ်းအမှတ် ညစာစားပွဲတို့ ပါဝင်မည်ဖြစ်ပါသည်။

ကြုံတောင့်ကြုံခဲသည့် အခွင့်အခါသမယတွင် နယ်ပယ်အလွှာအသီးသီးက အင်အားများ စုစည်းကာ စီးပွားရေးပညာ နှစ် (၁၀၀) မှသည်နိုင်ငံ၏ အနာဂတ်၊ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်၍ စီးပွားပညာစွမ်းအားဖြင့် အလားအလာတို့ကို ဖော်ထုတ်နိုင်ပါရန်၊ စီးပွားပညာအနေဖြင့် နိုင်ငံ့အနာဂတ်အတွက် စွမ်းဆောင်နိုင်သည့် ပညာ့တန်ဆောင်အဖြစ် အသုံးချနိုင်စေရန်၊ စီးပွားပညာနှစ် ၁၀၀ နိုင်ငံစီးပွားမြှင့်တင်နိုင်ရန်၊ ဖွံ့ဖြိုးမှုစိန်ခေါ်မှုများနှင့် လက်ရှိပစ္စုပ္ပန်မှသည် အနာဂတ်နိုင်ငံစီးပွားမြှင့်တင်နိုင်စေရေးအတွက် ရည်မှန်း၍ **စာတမ်းဖတ်ပွဲ၏ Theme အား ဖွံ့ဖြိုးမှုအခွင့်အလမ်းများနှင့် အနာဂတ်အလားအလာ (Development Opportunities and Perspectives)** သတ်မှတ်ကာ **စီးပွားရေးပညာ နှစ် (၁၀၀) ရာပြည့် စာတမ်းဖတ်ပွဲ**ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

**စီးပွားရေးပညာ နှစ် (၁၀၀) ရာပြည့် စာတမ်းဖတ်ပွဲကျင်းပရခြင်း၏ အသေးစိတ်ရည်ရွယ်ချက်များမှာ** အောက်ပါအတိုင်းဖြစ်သည်-

(က) စီးပွားရေးပညာ နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းတင်နိုင်ရန်၊

(ခ) ခေတ်ကာလအလိုက် ပြောင်းလဲလာသော ကမ္ဘာ့စီးပွားရေးအခြေအနေ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်၊ ပိုမိုကျယ်ပြန့်ပြောင်းလဲလာသော စီးပွားရေးပညာရပ်များကို လေ့လာသုံးသပ်၍ ပိုမိုတိုးချဲ့ သင်ကြားပေးသွားနိုင်ရေး ဆွေးနွေးဖော်ထုတ်ရန်၊

(ဂ) နိုင်ငံ့စီးပွားရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးအတွက် မျက်မှောက်ကာလစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်းရှိမည့် လူ့အရင်းအမြစ်များကို ပိုမိုတိုးမြှင့် လေ့ကျင့်မွေးထုတ်နိုင်ရေး ဆွေးနွေးဖော်ထုတ်ရန်၊

(ဃ) အတိတ်နှင့် ပစ္စုပ္ပန်ကာလ ကမ္ဘာ့စီးပွားရေး ရိုက်ခတ်ပြောင်းလဲမှုများအလိုက် ကြုံတွေ့ခဲ့ကြရသော နိုင်ငံစီးပွားရေးစိန်ခေါ်မှု သင်ခန်းစာများအား ဖော်ထုတ်၍ အနာဂတ် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှု-စီးပွားတိုးတက်စေရန် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သင့်သော အခြေအနေများကို Session များ အတိုင်း ဖွဲ့စည်းဆွေးနွေးဖော်ထုတ်ဆောင်ရွက်ရန်၊

(င) ဆွေးနွေးဖော်ထုတ် ရရှိချက်များကို နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုတင်ပြရန်တို့ ဖြစ်ပါသည်။

စာတမ်းဖတ်ပွဲအား အောက်ဖော်ပြပါ ခေါင်းစဉ် (၆) ခုဖြင့် ချဉ်းကပ်ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **စာတမ်းဖတ်ပွဲ (Session I) တွင် မြန်မာနိုင်ငံ၏ စီးပွားရေးပညာ နှစ် (၁၀၀) ခရီးယခင်၊ ယခုနှင့် အနာဂတ်စီးပွားရေးအလားအလာ (100 Years Journey of Economics in Myanmar: Past, Present and Future)**ခေါင်းစဉ်ဖြင့် လည်းကောင်း၊

(ခ) **စာတမ်းဖတ်ပွဲ (Session II) တွင် မျက်မှောက်ခေတ် ကမ္ဘာ့စီးပွားရေး၊ အလားအလာနှင့် စိန်ခေါ်မှုများ (World Economy, Megatrends and its challenges)** ခေါင်းစဉ်ဖြင့် လည်းကောင်း၊

(ဂ) **စာတမ်းဖတ်ပွဲ (Session III) တွင် နိုင်ငံ၏ ဖွံ့ဖြိုးမှုအတွက် အခြေခံအဆောက်အအုံ၏ အခန်းကဏ္ဍ (The Role of Infrastructure in National Development) ခေါင်းစဉ်ဖြင့်** လည်းကောင်း၊

(ဃ) **စာတမ်းဖတ်ပွဲ (Session IV) တွင် လယ်ယာကဏ္ဍ ထုတ်လုပ်မှုနှင့် စားရေရိက္ခာ ဖူလုံကြွယ်ဝမှု (Agriculture Production and Food Security) ခေါင်းစဉ်ဖြင့်** လည်းကောင်း၊

(င) **စာတမ်းဖတ်ပွဲ (Session V) တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံဖွံ့ဖြိုးမှု (The Role of MSMEs in National Development) ခေါင်းစဉ်ဖြင့်** လည်းကောင်း၊

(စ) **စာတမ်းဖတ်ပွဲ (Session VI) ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍ (Sectoral Growth: Investment, Trade and Services) ခေါင်းစဉ်ဖြင့်** လည်းကောင်း၊

(ဆ) **Plenary Session အဖြစ် ဆောင်ရွက်ထားသည့် စာတမ်းဖတ်ပွဲများ၏ အနှစ်ချုပ်တင်ပြချက် (Summary of the Paper Reading Sessions and Discussions) နှင့် မူဝါဒဆိုင်ရာထောက်ခံတင်ပြချက်များ (Policy Recommen-dations)** ကို ထုတ်နုတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စီးပွားရေးပညာရပ်နယ်ပယ် ပိုမိုကျယ်ပြန့် ဖွံ့ဖြိုးတိုးတက်မှုကို ထိုမှတစ်ဆင့် နိုင်ငံ့စီးပွားရေးနှင့် အထောက်အကူဖြစ်စေရန်၊ စီးပွားရေးပညာအား မျိုးဆက်သစ်လူငယ်များ ပိုမိုသင်ယူလေ့လာသိရှိ တန်ဖိုးထားအသုံးချနိုင်စေရန် စီးပွားရေးပညာဘွဲ့ရများက နိုင်ငံဖွံ့ဖြိုးမှုအတွက် ကဏ္ဍအသီးသီးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန်တို့ကို ရည်မှန်းချက်ထားရှိပြီး နိုင်ငံအကျိုးပြုဘာသာရပ်ကြီးဖြစ်သည့်အတွက် **"စီးပွားပညာ နှစ် ၁၀၀ ပြည်သူ့အကျိုး တို့သယ်ပိုး"** ဆောင်ပုဒ်ဖြင့် စီးပွားရေးပညာ နှစ် (၁၀၀) ရာပြည့် အထိမ်းအမှတ်အား စည်းလုံးညီညွတ်ဂုဏ်ယူစွာဖြင့် စုစည်းပါဝင်ကျင်းပဆင်နွှဲကြပါစို့။ ။

# စိတ်ကို ဆေးကုနည်း

ပီမိုးနှင်း

(၁၀-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

ဤကဲ့သို့ တစ်လလောက် သတိထား၍ လေ့ကျင့်ပြီးသောအခါ ကိုယ်ရောစိတ်ရော ကြီးစွာသောပြောင်းလဲခြင်းဖြစ်ပြီး လူဟောင်းပျောက်ကာ လူသစ်တစ်ယောက်ဖြစ်၍လာသည်ကို တွေ့ရှိရလိမ့်မည်။ ညဥ့်အိပ်ရာဝင်သည့်အခါတိုင်း နေ့၌ မှားယွင်းခဲ့သမျှတွေကို ပြုပြင်ရန် အကြံနှင့် မကောင်းသမျှ အမှောင်စိတ်တို့ကို ပယ်ဖျောက်လေ့ရှိသောသူ၊ မနာလိုမုန်းထားခြင်းတွေကို ကင်းအောင် ညတိုင်းကြိုးစားသူ၊ စိတ်လက်ပူပန်ငြိုငြင်ခြင်းကို ညဥ့် ဖျောက်ဖျက်လေ့ရှိသူသည် ရေးကနှင့်မတူ၊ လူသစ်လူကောင်း၊ စိတ်အားထက်သန်သူ၊ ကြီးမြင့်သူတစ်ယောက်ပေတကားဟူ၍ စိတ်၌ ယုံကြည်ခြင်းကို အမြဲထားသူ၊ ဆင်းရဲမှာကို ကြောက်စိတ်ပေါ်လာတိုင်း ဖျောက်ဖျက်ကာ ငါ ဘာပြုလို့ ဆင်းရဲရမှာတုံး၊ ငါ ဘယ်တော့မှ ဆင်းရဲမယ့်လူမဟုတ်၊ ဆင်းရဲအောက်ကျသော အဖြစ်မျိုးနဲ့ တွေ့ရဖို့ ငါလူဖြစ်၍ လာသူမဟုတ်ဟု စိတ်ချ၍ အိပ်သူ၊ ငါ့၌ ရန်သူမရှိ၊ မုန်းသူမရှိဟု အမြဲအားကိုးသူ၊ ငါ၏ဘဝသည် ပျော်စရာကောင်းသော ဘဝပေတကား၊ ငါ၏လမ်း၌ ဆင်းရဲငြိုငြင် ပူပင်စရာမရှိ၊ ရှင်းလင်းချောမောသော လမ်းပေတကားဟု အားထားယုံကြည်သောစိတ်နှင့် အိပ်လေ့ရှိသူ၊ မကောင်းတဲ့ အနိဋ္ဌာရုံတို့ကို မတွေး၊ ဝင်းထိန်တောက်ပ ပြည့်ဝစိုပြည်ကျက်သရေတို့နှင့် ရွှန်းရွှန်းဝေသော မိမိ၏အခြေအနေတို့ကို စိတ်၌ ဖန်ဆင်း၍ ထင်အောင်မြင်အောင် ကြည့်လျက် အိပ်လေ့ရှိသူ၊ ငါသည် ချမ်းသာခြင်းဖြစ်၏။ ငါသည် အောင်မြင်ခြင်းဖြစ်၏။ ဤလောကကြီးသည် ငါ၏စည်းစိမ်ဥစ္စာဖြစ်၏ဟု လက်ံဆရာကြီး ရိုးလ်စမစ်ကဲ့သို့ ပြောဆိုစိတ်ချသူ၊ လူဟူသမျှကို ချစ်ခင်သောစိတ်နှင့် အိပ်သူသည် မိမိ၌ တန်ခိုးကျက်သရေတို့နှင့် ပြည့်စုံ၍လာပြီးလျှင် ကိုယ်ကျင့်တရားပါ တိုးတက်ကောင်းမွန်၍လာမည်ကား စိတ်ဖန်ဆင်းရာဖြစ်သော လောကဓာတ်၏ သဘောတရားဖြစ်လေသည်။ အကြောင်းမူကား လူသည် ဆူဖြိုးကြွယ်ဝ၊ ကြီးကျယ်ခမ်းနားလှသော လောကကြီး၏ အစိတ်အပိုင်းပင်ဖြစ်လေသည်။ ဤတရားသည် လောကုတ္တရာတရားမဟုတ်။ ဤလောက၌ ကြီးမြင့်လိုသူတို့အတွက်ဖြစ်သော လောကီလောကဓာတ် အစီအမံဖြစ်လေသည်။

ကျွန်ုပ်တို့၏ အတွင်းသန္တာန်၌ အလွန်ကြီးသော တန်ခိုးသတ္တိတစ်ခုရှိသည်ကို လောကအတတ်ပညာဖြင့် ယခုအခါ သိစကလေးမျှရှိသေး၏။ နေ့၏ လှုပ်ရှားခြင်းတို့မှ ကင်းငြိမ်း၍ ငြိမ်သက်လျက်ရှိသော အိပ်ပျော်ရာ၌ ထိုတန်ခိုးသတ္တိသည် နိုး၍နေသဖြင့် မကောင်းသောစိတ်များနှင့် နိုးလျှင် မကောင်းဘက်၌ တန်ခိုးကြီး၍လာ၏။ ကောင်းသောအကြံတို့နှင့် နိုးလျှင် အကောင်းဘက်မှာ တန်ခိုးကြီး၏။ သို့ဖြစ်၍ ဤကောင်းသော စိတ်အကြံနှီးဆေးတို့ကို ဦးနှောက်၌ မည်သူမဆို ထိုးနှံ၍ထားအပ်လေသည်။ အိပ်ပျော်ရာ၌ ထိုစိတ်၏ တန်ခိုးသတ္တိကြီးခြင်းအကြောင်းကို လူမမာတို့အား အိပ်မွေ့ချပြီး စိတ်ကိုစေခိုင်း၍ ကုသောနည်းဖြင့် သိသာလေသည်။ အချို့သောလူတို့သည် နေ့အချိန်၌ ကြံ၍မရသောပုစ္ဆာများကို စိတ်၌ ကြံရင်း အိပ်ပျော်သွားရာ အိပ်ရာမှ မနိုးဘဲထပြီး ထိုပုစ္ဆာကို မှောင်ထဲ၌တွက်ရာ နေ့အခါမှာ ရောက်အောင်မတက်နိုင်သော မြင့်သောအထွတ်အဖျား၊ ကြောက်မက်ဖွယ်ကောင်းသောနေရာများကို ရောက်အောင်တက်နိုင်ကြလေသည်။

အခက်အခဲတစ်ခုခုကို ကြံ၍မရသည့်အခါ "ဒီအခက်အခဲအပေါ်မှာ ငါ အိပ်လိုက်ချင်ပါဘိတော့တယ်"ဟု အင်္ဂလိပ်များ ပြောကြလေသည်။ ထိုစကား၌ စိတ်ပညာနှင့်ဆိုင်သော အနက်အဓိပ္ပာယ်ပါရှိလေသည်။ အိပ်ပျော်သည့်အခါ၌ စိတ်ထဲတွင် အခက်အခဲတို့ကို ရှင်းလင်းစေနိုင်သော သတ္တိတစ်ခုနိုးကြား၍ နေလေသည်။ ထိုသတ္တိသည် Subcon- scious mind ဟုခေါ်သော အတွင်းစိတ်မှ ထွက်ပေါ်လာလေသည်။ ထိုစိတ်ကို စိတ်ပညာဆရာတို့သည် ကိုယ်စောင့်နတ်နှင့်တူသည်ဟု ပြောကြလေသည်။ ထိုစိတ်၏သတ္တိကို ယခုအခါ လောကဓာတ်ပညာဖြင့် အနည်းငယ်မျှသာ သိကြသေး၏။ နောင်ယခုထက် တိုးတက်၍ သိကြရသောအခါ လူသည် ယခုထက် မြောက်မြားစွာ ပိုမိုတန်ခိုးကြီးသော သတ္တဝါတစ်မျိုးဖြစ်ဖို့ ရှိလေသည်။

အခါများစွာ လွန်ခဲ့သောနေ့၌ အကြံပြုခဲ့သော အရာတစ်ခုခုသည် နောက်တစ်နေ့ အိပ်ရာမှနိုးသည့်အခါ နေရာမကျကြောင်း သိရလျက် မနေ့က ငါဒီလိုလုပ်လိုက်မိရင် အမှားပဲဟု ပြန်၍သတိရတတ်လေသည်။ ဤကဲ့သို့ သတိရခြင်းသည် ငြိမ်သက်စွာပျော်သော အိပ်ခြင်း၏ကျေးဇူးဖြစ်လေသည်။ သို့ဖြစ်၍ အကြံတစ်ခုခုကိုပြုမိသည့်အခါ တစ်ည၊ နှစ်ည ကောင်းစွာအိပ်၍ စဉ်းစားသင့်ကြလေသည်။ လောကဓာတ်ဆရာ၊ နက္ခတ်ဆရာကြီးများသည် အခါများစွာ ခက်ခဲသောပုစ္ဆာများကို နောက်တစ်နေ့ လွယ်လွယ်ကလေးနှင့် ကြံ၍ ရတတ်ကြလေ၏။ ယနေ့ကျက်၍ ကောင်းစွာမရသေးသော တေးကို ညဥ့်၌ ကောင်းစွာအိပ်ပြီး နက်ဖြန်ကာ ထပ်၍ ဆိုကြည့်လျှင် လွယ်ကူစွာရတတ်လေသည်။

ကိုယ်ကျင့်တရားကိုလည်း ထိုနည်းဖြင့် ပြုပြင်နိုင်၏။ ပျင်းရိလေ့ရှိသောသူသည် အိပ်ရာဝင်သည့်အခါ ငါနက်ဖြန်ခါကျရင် ယနေ့လို မပျင်းတော့ဘူး၊ အပျင်းကို ငါနိုင်အောင်လုပ်တော့မယ်၊ ငါ့အပျင်းကို နိုင်တယ်ဟု စိတ်ကိုဆောင်လျက် အိပ်ချေက နောက်တစ်နေ့၌ အပျင်းကို ထူးခြားစွာ နိုင်နင်းနိုင်လေသည်။ ထို့အတူ အခြားသောဒုစရိုက်တို့ကို တဖြည်းဖြည်းနည်းပါးအောင် လုပ်နိုင်လေသည်။

ဒေါသကြီးခြင်း၊ မနာလိုတတ်ခြင်း၊ အပျော်အပါးတစ်ခုခု၌ လွန်ကျူးခြင်းတို့ကို ထိုနည်းဖြင့် နိုင်၏။ အကယ်၍ အပျော်အပါးကြီးသူသည် အိပ်ရာဝင်သည့်အခါ စိတ်လွင့်တိုင်းလိုက်ပါပြီး အပျော်တွေကို စိတ်ကူးလျက် ညနေက သိမ်ကြီးဈေးအပြန်မှာ ငါမြင်ခဲ့ရတဲ့ ဆံထုံးကြီးမကလေး ရွှေခြေချင်းကလေး ဝင်းခနဲ၊ ဝင်းခနဲ၊ ခြေသလုံးကလေး လင်းခနဲ၊ လင်းခနဲ၊ ခြေဖနောင့်သားကလေးက နီခနဲ၊ ရဲခနဲ စသည့် ရူပါရုံအဆီအခဲတို့ကို တပ်မက်စွဲလမ်းကာ အိပ်ပျော်သွားချေက ထိုစိတ်သည် တစ်ညဥ့်လုံး ပါရမီဖြည့်လိုက်သလို နက်ဖြန်ခါ ဆတက်ထမ်းပိုး တက်တိုးပြီး ဈေးပြန်ပိုးချိန်အခါကို လျှင်မြန်စွာ ရောက်ပါစေကြောင်း တစ်နေ့လုံး ဆုတောင်းကာ ကောင်းကောင်းမှ အလုပ်ကို မလုပ်နိုင်ဘဲ နေတတ်လေသည်။

သို့အိပ်ရာ၌ တွေးကြံသည့်အခါ အိပ်ပျော်၍ မေ့တစ်ချက် လျော့တစ်ချက်ဖြစ်ကာ အတွေးသည် တကယ်လိုဖြစ်၍လာအောင် တွေးရလေသည်။

(ဆက်လက်ဖော်ပြပါမည်)

# ဘာ့ကြောင့် မောတယ်၊ ဘာလုပ်မယ်

ခင်မောင်ညို (ဘောဂဗေဒ)

(၁၀-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

သက်သောင့်သက်သာနေခြင်းသည်လည်း အကျင့်တစ်ခုဖြစ်သည်။ အကျင့်ဆိုးများကို ဖျက်ပစ်ပြီး အကျင့်ကောင်းများကို လုပ်ယူ၍ရသည်။

ဘယ်လို သက်သောင့်သက်သာနေကြမလဲ။ စိတ်က စ မလား။ အာရုံကြောတွေက စ မလား။ မဟုတ်ရေးချမဟုတ်။ ကြွက်သားများက စပြီး အမြဲတမ်း သက်သောင့်သက်သာနေကြပါစို့။

ကဲ...စမ်းကြည့်ရအောင်။ မျက်လုံးကစပြီး စမ်းကြည့်မည်။ ယခုစာပိုဒ်ကို ပြန်ဖတ်ပါ။ စာပိုဒ်ဆုံးလျှင် နောက်ကျောကိုမှီလိုက်ပါ။ မျက်စိတွေ ပိတ်လိုက်ပါ။ တိတ်တိတ်လေး မျက်စိတွေကို အာရုံပြုပြီး ပြောလိုက်ပါ။ 'လျှော့ချလိုက်၊ လျှော့ချလိုက်'။ ထိုစကားလုံးများကို မိနစ်အနည်းငယ်မျှ ခပ်ဖြည်းဖြည်း ခပ်လေးလေး ထပ်ခါတလဲလဲ ပြောကြည့်ပါ။

စက္ကန့်အနည်းငယ်အကြာတွင် မျက်လုံးကြွက်သားများက ကိုယ်ခိုင်းသည့်အတိုင်း လိုက်လုပ်လာကြသည်ကို တွေ့ရမည်။ ကြွက်သားတွေ တောင့်တင်းနေတာ ယူပစ်သလို ပျောက်သွားသည်။ အံ့ဩစရာကောင်းနေသည်။ တစ်မိနစ်လောက် စမ်းကြည့်လိုက်လျှင် သက်သောင့်သက်သာနေနည်းကို တတ်သွားမည်။ မျက်စိကစ၍ မေးရိုးများ၊ မျက်နှာပေါ်က ကြွက်သားများ၊ လည်ပင်း၊ ပခုံး၊ ခန္ဓာကိုယ်တစ်ခုလုံးကို အလားတူနည်းအတိုင်း လုပ်ကြည့်နိုင်ပါသည်။ အရေးအကြီးဆုံးမှာ မျက်လုံးဖြစ်သည်။ ချီကာဂိုတက္ကသိုလ်မှ ဒေါက်တာ အက်ဒ်မွန် ဂျက်ကော့ဆင်က "မျက်လုံးက ကြွက်သားတွေကို လျှော့နိုင်ရင် သောကတွေ အကုန်ကင်းသွားမယ်"ဆိုသည်အထိပင် ညွှန်းခဲ့သည်။ မျက်လုံးတွေက ဘာလို့ ဒီလောက်အရေးကြီးနေရသလဲ။ မျက်လုံးများက အသုံးပြုလောင်ကျွမ်းပစ်လိုက်သော စွမ်းအားများသည် ခန္ဓာကိုယ်တစ်ခုလုံးရှိ အာရုံကြောများက အသုံးပြုသော စွမ်းအား၏ လေးပုံတစ်ပုံရှိသည်။ စက္ခုအာရုံကြည်လင်ပါလျက်နှင့် မျက်ရိုးကိုက်သူ များပြားနေသည်ကို ကြည့်ပါ။ သူတို့သည် မျက်စိအာရုံကြောများကို တောင့်တင်းစေ၍ ဖြစ်မည်။

ထင်ရှားသည့် ဝတ္ထုရေးဆရာ ဗစ်ကီဝမ်း ကလေးဘဝက အဘိုးအိုတစ်ယောက်နှင့် ဆုံခဲ့ဖူးသည်။ ထိုအဘိုးအိုက သူ၏ ဘဝတစ်သက်တာတွင် အသုံးအဝင်ဆုံး သင်ခန်းစာတစ်ခုကို သင်ပေးသွားသည်။ တစ်ခါက သူသည် ချော်လဲပြီး လက်ကောက်ဝတ်နှင့် ဒူးခေါင်းတို့တွင် ဒဏ်ရာရခဲ့ဖူးသည်။ အဘိုးအိုက သူ့ကို ကောက်ချီလိုက်သည်။ အဘိုးအိုသည် တစ်ခါက ဆပ်ကပ်ထဲ၌ လူရွှင်တော်လုပ်ဖူးသည်။ သူမကို ဖုတ်ဖက်ခါပေးရင်း 'မင်း ဘာဖြစ်လို့ ဒဏ်ရာရတာလဲသိလား။ မင်း ဘယ်လို အကြောလျှော့ရမယ်ဆိုတာ မသိလို့ဖြစ်ရတာ။ မင်းကိုယ်မင်း ခြေအိတ်စုတ်တစ်ခုလို သဘောထားပြီး ပျော့တိပျော့ဖပ်နေရမယ်။ ဒီမှာ ကြည့်၊ ငါ လုပ်ပြမယ်'

ထိုအဘိုးအိုက ဗစ်ကီနှင့် အခြားကလေးငယ်များအား မြေပေါ်သို့ လဲကျပုံ၊ ကျွမ်းထိုးပုံ၊ ကင်းမြီးကောက်ထောင်ပုံတို့ကို ပြသသည်။ ထိုသို့ သင်သည့်အခါ၌ အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် ခြေအိတ်စုတ်တစ်ခုလို သဘောထားဖို့ တစ်ချိန်လုံးပြောနေသည်။ 'အဲသလို သဘောထားတတ်ရင် မင်းတို့ အကြောလျှော့တတ်သွားပြီး ကြွက်သားတွေ လျှော့တတ်သွားပြီ'ဟု ပြောပြသည်။

ဘယ်နေရာ ဘယ်အခါဖြစ်ဖြစ် ကြွက်သားတွေ၊ အကြောတွေ လျှော့နိုင်သည်။ သို့သော် အကြောလျှော့ဖို့အတွက် ကြိုးစားပမ်းစား မလုပ်ပါနှင့်။ တောင့်တင်းမှုတွေ၊ အားထုတ်မှုတွေ လုံးဝမရှိပါမှ ပြေလျော့သွားမည်။ မျက်လုံးနှင့်မျက်နှာကစ အကြောလျှော့ပါ။ စိတ်ဖြင့် တင်းမာနေသည့် ကြွက်သားတွေကို လျှော့ပေးပါ။ မျက်နှာပေါ်က ခွန်အားများ ခန္ဓာကိုယ်အလယ်ထဲသို့ စီးဝင်သွားသည်ကို သတိထားကြည့်ပါ။ ကလေးတစ်ယောက်လို တောင့်တင်းချုပ်တည်းမှုမရှိဘဲနေပါ။

အဆိုတော် ဂါလီကာစီကလည်း ထိုနည်းကိုပင် အသုံးပြုလေ့ရှိသည်။ သီချင်းမဆိုမီ ကုလားထိုင်တစ်လုံး၌ ထိုင်ကာ ကြွက်သားတွေကို လျှော့ချသည်။ အောက်မေးရိုး တွဲလောင်းကျနေအောင်ပင် ကြွက်သားတွေကို ဖြေလျှော့နိုင်သည်။ ထိုအခါ သီချင်းဆိုရန် စင်ပေါ်အတက်၌ စိတ်လှုပ်ရှားမနေ၊ မောပန်းနွမ်းနယ်မှုမရှိ။

အောက်တွင် အပန်းဖြေနည်း လေးနည်းကို ပြထားသည်။

၁။ ဘယ်လောက်လေးပဲ အချိန်ရရ၊ အချိန်မရွေး အပန်းဖြေပါ။ ကိုယ့်ကိုယ်ကိုယ် ခြေအိတ်စုတ်တစ်ခုလို သဘောထားပါ။ ကျွန်တော်က တော့ ကျွန်တော့်စားပွဲပေါ်မှာ ခြေအိတ်စုတ်တစ်ဖက် အမြဲတင်ထားပြီး ကိုယ့်ကိုယ်ကိုယ် အမြဲတမ်းသတိပေးသည်။ ခြေအိတ်စုတ်တစ်ဖက် မရှိလျှင်လည်း ကြောင်တစ်ကောင်ရှိလျှင်ဖြစ်သည်။ နေရောင်အောက်မှာ အိပ်နေတဲ့ ကြောင်တစ်ကောင်ကို တွေ့ဖူးပါသလား။ ခေါင်းပိုင်းရော၊ အမြီးပိုင်းပါ ရေစိုနေသည့် သတင်းစာစက္ကူလို ပျော့ဖပ်ဖပ် ဖြစ်နေသည်ကို တွေ့ရမည်။ အိန္ဒိယပြည်ရှိ ယောဂီများက အညောင်းဖြေနည်းကောင်းကောင်းတတ်လိုလျှင် ကြောင်ကို အတုခိုးပါဟူ၍ပင် ပြောကြသည်။ မောပန်းနွမ်းနယ်နေသည့် ကြောင်၊ ဦးနှောက်နှင့် အာရုံကြောရောဂါ စွဲကပ်နေသည့်ကြောင်ဟူ၍ တစ်ခါမျှမတွေ့ဖူးပါ။ အိပ်မပျော်သည့်ကြောင်၊ သောကများနေသည့်ကြောင်၊ အစာအိမ်ရောဂါဖြစ်နေသည့်ကြောင်ကိုလည်း မတွေ့ဖူးပါ။ ထိုရောဂါများမှ ဝေးချင်လျှင် ကြောင်ကို ဆရာတင်ပါ။

၂။ တတ်နိုင်သမျှ သက်သောင့်သက်သာနေပြီး အလုပ်များများ လုပ်ပါ။ ခန္ဓာကိုယ်တင်းမာနေခြင်းကြောင့် ပခုံးနာခြင်း၊ အာရုံကြောများ ပင်ပန်းနွမ်းနယ်ခြင်းတို့ ဖြစ်တတ်သည်။

၃။ တစ်နေ့တစ်နေ့လျှင် လေး၊ ငါးခါ ကိုယ့်ကိုယ်ကိုယ် စစ်ဆေးပါ။ ပင်ပန်းသင့်တာထက်ပိုပြီး အပင်ပန်းခံလုပ်နေသလား။ ကိုယ်အလုပ်လုပ်နေသည့်အခါ မဆိုင်တဲ့ကြွက်သားတွေကိုရော ပိုသုံးနေမိသလား။ ဤသို့ဖြင့် အပန်းဖြေနည်းကို တတ်လာမည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် အကျင့်မျိုးဖြစ်သည်ဟု ဒေါက်တာ ဒေးဗစ်ဟာရိုးလ်ဒ်ဖင့်က ပြောသည်။

၄။ တစ်နေကုန်လျှင် ကိုယ့်ကိုယ်ကိုယ် ထပ်စစ်ဆေးပါ။ 'ငါ ဘယ်လောက် မောပန်းနွမ်းနယ်နေသလဲ။ ငါ မောပန်းတာဟာ စိတ်အလုပ်၊ ဉာဏအလုပ်ကြောင့် မဟုတ်ဘူး။ ငါ လုပ်ပုံကိုင်ပုံမမှန်လို့ ဖြစ်တယ်။' ဒင်နီယယ် ဒဗလျူစလင်းက 'ကျွန်တော့်ရဲ့ အောင်မြင်မှုတွေကို ကျွန်တော် ဘယ်လောက်မောသလဲဆိုတာနဲ့ မတိုင်းဘူး။ ဘယ်လောက် မမောသလဲဆိုတာနဲ့ တိုင်းတယ်။ တစ်နေကုန်လို့ မောပန်းနွမ်းနယ်နေရင် ကိုယ့်အာရုံကြောတွေ ပင်ပန်းနေပြီဆိုတာ သိသာတယ်။ အဲဒီလို နေ့မျိုးဆိုရင် အရေအတွက်အရရော အရည်အသွေးအရပါ လုပ်ပုံကိုင်ပုံ ညံ့လို့ပဲ'

ဤသင်ခန်းစာကို လုပ်ငန်းရှင်တိုင်း နားလည်သဘောပေါက်ကြလျှင် သွေးတိုးရောဂါကြောင့် သေဆုံးသူဦးရေ နေ့ချင်းညချင်း ကျဆင်းသွားနိုင်သည်။ သောကနှင့် မောပန်းမှုတို့ကြောင့် ဆေးရုံများ၊ စိတ္တဇဆေးရုံများတွင် တက်ရောက်ကုသရသည့် လူဦးရေလည်း လျော့နည်းသွားမည်ဖြစ်ပါသည်။ ။

# ချောက်မြို့နယ် အုံမြားကြီးကျေးရွာ၌ မင်းရာဇာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ



**မကွေး နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အုံမြားကြီး ကျေးရွာရှိ မင်းရာဇာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်အား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ၊ ပရိဘောဂများ ဖြည့်တင်းထားရှိမှုနှင့် ခင်းကျင်းပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုဖွင့်လှစ်ပေးသည့် စာကြည့်တိုက်ကို အကျိုးရှိစွာအသုံးချပြီး စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျရှင်သန်လည်ပတ်ဆောင်ရွက်ရေး၊ ပရိဘောဂ၊ စာအုပ်စာစောင်များ ပျက်စီးပျောက်ဆုံးမှု မရှိစေရေးနှင့် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းပြီး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် စာကြည့်တိုက်နှင့် ပတ်သက်သည့် အချက်အလက်များကို ချောက်မြို့နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က လွှဲပြောင်းပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနေဝင်းကလည်းကောင်း၊ စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းနွမ်ခမ်းခေါင်က ပေးအပ်ရာ စာကြည့်တိုက်ကော်မတီဝင်တစ်ဦးကလည်းကောင်း လက်ခံရယူခဲ့ကြသည်။

အဆိုပါ မင်းရာဇာစာကြည့်တိုက် အဆောက်အအုံသစ်အား မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီက ခွဲဝေပေးသည့် ငွေကျပ်သိန်း ၁၅၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် တိုင်းဒေသကြီးအတွင်း စာကြည့်တိုက်အဆောက်အအုံသစ် ၂၀ လုံး တည်ဆောက်ပေးသွားမည်ဖြစ်ရာ ယခုစာကြည့်တိုက် အပါအဝင် စုစုပေါင်းစာကြည့်တိုက် ရှစ်လုံးကိုဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ဖိလစ်ပိုင်နိုင်ငံသို့ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ဖိလစ်ပိုင်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ လိုက်ပါသွားကြသည်။



(၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက်မှ ၂၃ ရက်အထိ အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှ သေနတ်ပစ်အသင်းများဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတိုအမျိုးသားအသင်းနှင့် ပစ္စတိုအမျိုးသမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သိအမြင်ဖွဲ့စိတ်ပိုက်ပါလို့

☆ ငြိမ်းချမ်းဤကမ္ဘာ
အပူရှာဖျက်မျဉ်းကွေး၊
တို့တစ်တွေ သတိထား
ဖယ်ရှားဖို့တွေး။

☆ ဥတုရယ်ရာသီ
တောကိုမှီမျှတဖို့၊
ကွက်လပ်မြေ ဖွေရှာလှစ်
ပင်သစ်စိုက်စို့။

☆ ဥတုရာသီ တောရိပ်မှီး
တောမြိုင်ကြီးတည်ရအောင်၊
ကျိုးကြောင်းချည်နှောင်။
သည်တောရယ် သည်တောင်
သည်လျှိုမြောင် သည်မြိုင်တန်း၊
ခုချိန်ခါ သစ်ပင်စိုက်
ပျော်ပိုက်ကြစမ်း။

☆ မြေဆီလွှာခန်းမခြောက်
မြေနီပေါက် မြိုင်တန်းဗွေ၊
တောရိပ်မြုံတောအလေ့
ထုံမွှေ့ကြစေ။
မျိုးဆက်သစ်ကောင်းအမွေ
ဤရပ်မြေခြေအလှ၊
သစ်မျိုးစုံ ပျိုးစပါလို့
စိုက်ခင်းလွှာ တောအဖြစ်
ဖွင့်လှစ်လို့ပြ။

☆ ရေတိုရေရှည် စီမံကိန်း
ကာကွယ်ထိန်း တောရိပ်လွင်၊
ဖော်ဆောင်ဖို့ပြင်
စိမ်းညို့ညို့ တောကိုခင်
မြန်အလျင်ပျော်ပျော်နွဲ့၊
သတိယှဉ်
သိအမြင် ဖွဲ့စိတ်ပိုက်ပါလို့
(အိုကွယ်)ပင်စိုက်တဲ့ပွဲ။ ။

**ဖိုလေးလုံးသောင်းကိုကို**

# ဒိုက်ဦးမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းပေါင်းစုံစာစီစာကုံးဆုချီးမြှင့်ပွဲ ကျင်းပ

**ဒိုက်ဦး နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကံ့ကော်ရိပ်ကိုယ်ပိုင် အထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကောလိယစာပေချစ်သူများ အဖွဲ့တို့ ပူးပေါင်း၍ ဆဋ္ဌမအကြိမ်မြောက် မြို့နယ်အဆင့်ကျောင်းပေါင်းစုံ စာစီစာကုံးဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဂီတအစည်းအရုံးမှ ဦးအောင်ဇင်ဦးဆောင်သောအဖွဲ့က တေးသီချင်းများဖြင့်ဖျော်ဖြေပြီး ကံ့ကော်ရိပ်ကိုယ်ပိုင် အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်သူထိုက်က အဖွင့်အမှာစကားပြောကြားသည်။



ဆက်လက်၍ စာရေးဆရာမ ဇင်ချိုသက်က စာစီစာကုံးပြိုင်ပွဲနှင့် ပတ်သက်၍လည်းကောင်း၊ စာရေးဆရာ ဏေသွေးအိမ်က စာစီစာကုံး ဆုချီးမြှင့်ပွဲကျင်းပရသော ရည်ရွယ်ချက်ကိုလည်းကောင်း ပြောကြားကြပြီး ဆုရရှိသူများအား ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်၌ ဆောင်းနေကြာ ၁၉၀၅ ဧက စိုက်ပျိုးရန်လျာထား

**မိတ္ထီလာ နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ ဆောင်းနေကြာ ၁၉၀၅ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်တွင် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်ရေးတို့အတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နေကြာတို့ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် ဆောင်းနေကြာ ၁၉၀၅ ဧက စိုက်ပျိုးရန် သတ်မှတ်လျာထားပြီး မြို့နယ်အတွင်း နေကြာစိုက်ဧကများ သတ်မှတ်လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**အခမဲ့ပေးအပ်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သတ်မှတ်လျာထား စိုက်ပျိုးဧကများပြည့်မီရေး တိုင်းဒေသကြီးအစီအစဉ်ဖြင့် မိတ္ထီလာမြို့နယ်အတွင်းရှိကျေးရွာများမှ စိုက်ပျိုးရေးတောင်သူများအား နေကြာမျိုးစေ့အိတ်များ အခမဲ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**✻ ယာယီနည်းပြမှ**

နစ္စတယ်ရွိုင်းဟာ မန်ယူအသင်းရဲ့ ကစားသမားအဖြစ် ဘောလုံးရာသီငါးရာသီကြာ ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း မန်ယူအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၂၁၉ ပွဲ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၁၅၀ အထိ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ မန်ယူအသင်းနဲ့ လမ်းခွဲသွားပြီဖြစ်ပြီး နစ္စတယ်ရွိုင်းအပါအဝင် အခြားသောနည်းပြအဖွဲ့ဝင်တွေဖြစ်တဲ့ ရီနီဟာကီ၊ ဂျယ်လီတန်ရူဝီလာနဲ့ ပီတာမိုရယ်တို့လည်း မန်ယူအသင်းကနေ နုတ်ထွက်သွားခဲ့ပြီဖြစ်ပါတယ်။ မန်ယူအသင်းရဲ့ ကွင်းလယ်ကစားသမားဟောင်း ဒါရန်ဖလက်ချာကတော့ အိုးထရက်ဖို့ဒ်မှာ နည်းပြအဖွဲ့ဝင်အဖြစ် ဆက်လက်ရှိနေမှာဖြစ်ပါတယ်။

**ငွေကြယ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(၁၁-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

(၉)

"ကိုယ်တော့ သိပ်စိတ်ပူနေပြီ ခင်လေးရယ်"

ရင်ခွင်ထဲမှ ခင်လေး၏မျက်နှာတွင် ညှိုးရော်မှုလေးများ ထင်နေသည်။

"ခင်လေးလည်း စိတ်ညစ်တယ် ကိုကိုရယ်။ ကိုကိုလတ်နဲ့ ကိစ္စက စောစောပိုင်းကဆို ဘာပဲဖြစ်ဖြစ် ရသလောက် အချိန်ဆွဲထားလို့ရတယ်။ ကိုကို ကျောင်းပြီးတာနဲ့ ဘာအလုပ်ရရ ရတာဝင်လုပ်ပြီး ဖြစ်သလို ရုန်းကန်လို့ရသေးတယ်။ ခုတော့ ..."

ကျွန်တော် တွေသွားသည်။ သည်တစ်ခါ တွေခြင်းကတော့ စိတ်ပျက်အားလျော့စွာ တွေခြင်းမဟုတ်။ တစ်စုံတစ်ခုသော ဆုံးဖြတ်ချက်ကို မည်သို့ဖွင့်ဟရမည်ဆိုသည့် စကားလုံးရွေးချယ်မှုအတွက် တွေသွားခြင်းပင်။ ချက်ချင်း စကားရသည်။

"တကယ်လို့ ပြတ်ပြတ်သားသားဆုံးဖြတ်ဖို့ အချိန်ရောက်ပါပြီတဲ့၊ ခင်လေး ဘာလုပ်မလဲ"

သူ့ထံမှ စကားသံပေါ်မလာ။ ကျွန်တော့်ရင်ခွင်ထဲ လှဲထားလျက်နှင့်ပင် ကျွန်တော့် အင်္ကျီကြယ်သီးလေးများကိုကိုင်ရင်း -

"ခင်လေးပြောတာထက် ကိုကိုပြောတာက ပိုမကောင်းဘူးလား ကိုကို"

ကျေနပ်မှုလေးများ ကျွန်တော့်ရင်ဝယ် ပေါ်လာသည်။ ခင်လေး၏ ငုံ့နေသောမျက်နှာကို အသာပင့်ယူ၍ -

"ကိုကို ခင်လေးကို ခိုးမယ်။ ကိုကို့မှာ အလုပ်လည်းရှိပြီပဲ။ ဘာပဲဖြစ်ဖြစ် ဖြစ်တဲ့ဘဝကို ရဲရဲရင်ဆိုင်မယ်။ ကျောင်းကိုလည်း ရအောင်ပြန်တက်မယ်။ ခင်လေးလည်း ကျောင်းပြီးအောင်တက်။ နောက်ဆုံး မတတ်သာရင်တောင်မှ ကိုယ်ပဲကျောင်းထွက်မယ်။ ခင်လေး ကျောင်းပြီးအောင် တက်ရမယ်။ ကိုယ်က ပြင်ပဝိဇ္ဇာဖြေလို့ရတယ်"

ခင်လေး ခေါင်းကို သွက်သွက်ခါသည်။ ကျွန်တော့်မျက်နှာကို ငေးကြည့်၍ -

"ခင်လေးက အရေးမကြီးပါဘူး ကိုကို။ ကိုကို ကျောင်းဆက်တက်နိုင်ဖို့က အရေးကြီးပါတယ်။ ခင်လေးက မိန်းကလေးပဲ။ ကိုကို့ဝင်ငွေနဲ့ မလောက်ရင် ခင်လေး ဈေးဖြစ်ဖြစ်ရောင်းမယ်။ ကိုကိုတော့ ကျောင်းမထွက်ရဘူး"

ကျွန်တော့်ရင်ထဲတွင် ကျေနပ်မှုလေးများနှင့်အတူ နင့်ခနဲ ခံစားလိုက်ရ၏။

"အို . . . မဟုတ်တာ ခင်လေးရယ်၊ ခင်လေး ဘာဖြစ်လို့ ဈေးရောင်းရမှာလဲ။ နောက်ဆုံး ကိုယ်ကူလီထမ်းရင် ထမ်းမယ်။ ခင်လေး ပင်ပန်းတာ ကိုကို မကြည့်ရက်ဘူး"

ခင်လေးက ကျွန်တော့်ရင်ခွင်ထဲမှ ဆတ်ခနဲ ထထိုင်၏။ ကျွန်တော့်ကို စေ့စေ့ကြည့်ရင်း -


"ဘာလဲ ကိုကိုက ခင်လေးကို သူဌေးသမီးမို့ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ထားချင်တယ်ဆိုတဲ့ သဘောလား။ ဝေးသေး ကိုကိုရေ၊ ခင်လေးမှာ ဒီစိတ်မျိုးရှိရင် ကိုကို့ကိုတောင် မချစ်ခဲ့ဘူး"

ကျွန်တော်က ပြေရာပြေကြောင်း ဝင်ပြောရန် ရည်ရွယ်၍ -

"မဟုတ်ဘူး ခင်လေး၊ ကိုကို ပြောတာက . . ."

"မပြောနဲ့ ကိုကို၊ ခင်လေး ကိုကို့စိတ်ကို နားလည်တယ်။ နားလည်

❝ အေးပါ၊ ငါလည်း အဲဒါပြောတာပဲ။ မတ်လမှာ ကျောင်းပိတ်ပြီကွ။ ဘာမှမဖြစ်ရင် မင်းရောငါပါ 'အ'သုံးလုံးလုပ်အားပေး တစ်လလုံးလုံး သွားကြမှာ။ ကဲ . . . ဆိုပါတော့၊ ကျောင်းပိတ်ခါနီးမှာ မင်း ချက်ချင်းလုပ်မှဖြစ်ဖို့ အခြေအနေဖြစ်လာပါပြီတဲ့။ ချက်ချင်း ဝုန်းဒိုင်းဆိုပြီး လက်ထပ်တော့မယ်ဆိုပါတော့၊ မင်းဘာလုပ်မလဲ။ ထားပါကွာ၊ မေလဆန်း ကျောင်းမဖွင့်ခင်လေးအထိ အတောအတွင်းမှာပဲ လုပ်မယ်ပဲထားပါ။ မင်းဘာလုပ်မလဲ ဘီအိုစီကောလိပ်နှင့် ပုဂံဆောင်ကြား သထုံလမ်းပေါ်မှ ခရေပင်များရိပ်တွင် တစ္ဆေများစွာ စုပြုံခြောက်လှန့်သလို ခံစားလိုက်ရ၏ ❞




လို့ ကိုကို့ကို ချစ်တာပဲ။ ဒါပေမဲ့ ခင်လေး ကိုကိုပြောတာလက်မခံဘူး။ ကိုကို ကျောင်းဆက်တက်မှဖြစ်မယ်။ ခင်လေးကြောင့် ကိုကို့ကျောင်းကို ဘယ်နည်းနဲ့မှ အထိခိုက်မခံရဘူး"

"မဟုတ်တာ ခင်လေးရယ်"

"ဟုတ်တယ် ကိုကို၊ ခင်လေးအိမ်က ခင်လေးကို ကျောင်းထားတဲ့ ရည်ရွယ်ချက်နဲ့ ကိုကို့ကို ကျောင်းထားတဲ့ရည်ရွယ်ချက်ချင်းကမတူဘူး"

ကျွန်တော် သူ့မျက်နှာကို ဖျတ်ခနဲ ကြည့်သည်။ သူဆက်ပြောပြန်သည်။

"ပြီးတော့ ခင်လေး တက္ကသိုလ်ကိုတက်တဲ့ ရည်ရွယ်ချက်မှာ ဘာမှ ဒီလောက်ထွေထွေထူးထူးရှိတာမဟုတ်ဘူး။ ဆယ်တန်းအောင်ရင် တက္ကသိုလ်တက်ရမယ်ဆိုလို့ တက်လိုက်တာ။ ကိုကို တက္ကသိုလ်တက်တာက ဒီလိုမှမဟုတ်တာ"

ခင်လေးနှင့်ပြိုင်၍ မငြင်းလိုတော့သဖြင့် ကျွန်တော် ရယ်လိုက်သည်။ ပြီးမှ -

"ကဲပါ ခင်လေးရယ်၊ ခင်လေး သဘောအတိုင်းပါပဲ။ ဒါပေမဲ့ ကိုယ်ပြောတာလည်း နားထောင်ပါဦး။ အကောင်းဆုံးနည်းလမ်းက ခင်လေးရော၊ ကိုကိုရော ကျောင်းဆက်တက်ရင် မကောင်းဘူးလား"

"ဒါကတော့ အကောင်းဆုံးပေါ့ ကိုကိုရယ်၊ ဖြစ်လာခဲ့ရင်ပေါ့"

သူ့စကားအဆုံးတွင် ခင်လေး တွေငေးငေးဖြစ်သွားသည်။ ခင်လေး၏ အကြည့်များတွင် ခပ်မှိုင်းမှိုင်း အရိပ်တစ်ခုပေါ်လာသည်။ အကြည့်သည် အဝေးသို့ရောက်သွား၏။ လေ့လော်ရွက်တိုက်အသင်းနှင့် ရေကူးအသင်းကြား တောင်ပိန္နဲရိပ်မှသည် အင်းလျားကန်ရေပြင်ကိုဖြတ်၍ အဝေးမှ ကျွန်းဆွယ်မှိုင်းညို့ညို့ဆီ ဦးတည်သွားသည်။ ခဏအကြာတွင် စဉ်းစားပြီးသည့် စကားတစ်ခုကို သူပြောသည်။

"ခင်လေးကြောင့် ကိုကို့ပညာရေးကို မထိခိုက်ပါစေနဲ့ ကိုကိုရယ်"

"အဲဒီကိစ္စကို ငါနည်းနည်းမှ သဘောမတူဘူး ထွန်းဝေ"

သထုံလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ ရေကူးကန်အလွန်လေးတွင် ကျွန်တော့်စကားအဆုံး ကျော်ညွန့်က ခါးခါးသီးသီး ဝင်ပြော၏။

"ငါ့အခြေအနေက ဒီလိုလုပ်မှဖြစ်တော့မယ် ကျော်ညွန့်။ ငါ ခင်လေးကို လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး"

ကျော်ညွန့် ခေါင်းခါသည်။ ကျွန်တော့်မျက်လုံးများသည် ဝါနီသော ရွက်ခြောက်များ တဖွဲဖွဲကျနေသည့် ပိတောက်ပင်ကြီးများကို အသိမဲ့ ငေးနေမိသည်။ အသိထဲတွင်မူကား ကျော်ညွန့် သည်ကိစ္စကို လက်ခံအောင် မည်သို့ပြောရမည်ဆိုသောကိစ္စကို ခေါင်းချင်းရိုက် လုံးပန်းနေမိ၏။

ညာဘက် တင်းနစ်ကွင်းများတွင် ကစားနေသော ကွင်းတစ်ကွင်းမှ တင်းနစ်ဘောလုံးနှင့် ရိုက်တံတို့ ထိခတ်သံကို ဖောင်းခနဲကြားရ၏။ ဘောလုံးသည် တစ်ဖက်ကွင်းဆီသို့ တစ်ရှိန်ထိုးပြေးဝင်လာသည်။

"နှစ်ယောက်စလုံး ဘဝပျက်အောင် မလုပ်ချင်စမ်းပါနဲ့ ထွန်းဝေရာ"

ကွင်းတစ်ဖက်မှ တစ်ရှိန်ထိုးပြေးဝင်လာသော ဘောလုံးကို ကျန်တစ်ဖက်မှလူက ရိုက်တံဖြင့် အသာထိန်း၍ ကွင်းတစ်ဖက်ပြန်ပို့၏။

"အဲဒီလိုမဖြစ်အောင် ငါစီစဉ်ထားတာ မင်းကိုပြောပြီးပြီပဲ ကျော်ညွန့်"

အင်အားဖျော့တော့စွာ ရောက်လာသော ဘောလုံးကို တစ်ဖက်မှလူက အလွယ်တကူ ပြန်ရိုက်ခတ်ထုတ်လိုက်၏။

ကျော်ညွန့်ဆီမှ ရယ်သံအုပ်အုပ်ပေါ်လာသည်။

"ဘာလဲ ထွန်းဝေ၊ မင်းကျူရှင်ကရတဲ့ လခလေးရာ ဆိုတာလေးကို စကားထဲထည့်ပြောပြန်ပြီလား။ နေပါဦး၊ မတ်လမှာ စာမေးပွဲတွေစစ်ပြီးတော့ မင်းကျောင်းလခကော ရဦးမှာလား။ ဧပြီမှာ ကျောင်းပိတ်ထားတော့ကော မင်းကို ဘယ်သူက အလကားပိုက်ဆံပေးထားမှာလဲ"

သည်တစ်ခါ ထောင်မတ်လာသော ဘောလုံးကို အင်အားဖြင့်ဖိရိုက်သူက အားပြင်းပြင်းဖြင့် နင်းရိုက်သည်။ တစ်ဖက်လူသည် ဘောလုံးကို မိအောင်မဖမ်းနိုင်တော့။ ကြည့်နေသူများထံမှ လက်ခုပ်သံများ ပေါ်လာသည်။

ကျွန်တော့်မျက်လုံးများကို တင်းနစ်ကွင်းမှ ဘောလုံးကွင်းဘက် ရွှေ့ယူလိုက်၏။ သူ့စကားများက ကျွန်တော့်ကို ကောင်းစွာ ထိုးနှက်နိုင်ပြီ။ ကျွန်တော် သည်တစ်ချက်ကို သတိလွတ်နေ၏။

သူပြောမှ ဆရာဦးမြင့်မောင်ပြောသော စကားတစ်ခွန်းကို ပြန်သတိရလာသည်။

"ဆရာ့ကိုတော့ ကျွန်တော် ပြောထားရဦးမယ်။ ကျွန်တော်တို့ ကျူရှင်ထုံးစံမှာ စဖွင့်တဲ့ မေလနဲ့ စာမေးပွဲ မတ်လမှာ ဝင်ငွေနည်းသွားပြီမို့ ဒီနှစ်လကိုတော့ ကျွန်တော်ရှင်းနိုင်မှာ မဟုတ်ဘူးနော်။ ဧပြီလကတော့ ကျောင်းပိတ်ရက်ပဲ။ ဒါတော့ ပြောစရာလိုမယ် မထင်ပါဘူး"

တစ်ဆက်တည်းမှာလည်း ခင်လေး စကားကို ပြန်သတိရသည်။

"ခက်တာက မတ်လဆိုတာ ရှေ့လ ကိုကိုရဲ့။ မေမေ ပြောပုံအရဆို မတ်လကျောင်းပိတ်ပိတ်ချင်း စီစဉ်မှာပဲ။ ရက်တောင် ဆိုင်းချင်ပုံမပေါ်ဘူး။ ပိုခက်တာက ခင်လေးတို့ကျောင်းကလည်း ပိတ်တော့မယ်။ ဒါပေမဲ့ ကိုကိုရယ် . . . ခုထိတောင် ဘာအစီအစဉ်တွေ ဆွဲလို့မှမပြီးသေးတာ။ ဗြုန်းစားကြီးတော့ ဖြစ်လိမ့်မယ်မထင်ဘူး။ ဒါပေမဲ့ ပြောတော့ ပြောလို့မရဘူးလေ။ ခင်လေးလည်း စိတ်ညစ်လိုက်တာ"

ထိုအခါ ပြောစရာ စကားလေးတစ်ခွန်း ကျွန်တော်ရသည်။ ထို့ကြောင့်-

"ချက်ချင်းကြီးတော့ ဖြစ်ချင်မှဖြစ်မှာပါ ကျော်ညွန့်ရာ။ ငါက ဖြစ်လာခဲ့ရင်ဆိုပြီး ကြိုအသိပေးတာပါ"

ကျော်ညွန့်ကတော့ ကျွန်တော့်စကားကို ရယ်မြဲရယ်သည်။ ကျွန်တော့်စကားသည် သူ့အမြင်၌ မိုးကြိုးပစ်ရာ ထန်းလက်နှင့်ကာသလို ဖြစ်သွားသလား မဆိုနိုင်။

"အေးပါ၊ ငါလည်း အဲဒါပြောတာပဲ။ မတ်လမှာ ကျောင်းပိတ်ပြီကွ။ ဘာမှမဖြစ်ရင် မင်းရောငါပါ 'အ'သုံးလုံးလုပ်အားပေး တစ်လလုံးလုံး သွားကြမှာ။ ကဲ . . . ဆိုပါတော့၊ ကျောင်းပိတ်ခါနီးမှာ မင်း ချက်ချင်းလုပ်မှဖြစ်ဖို့ အခြေအနေဖြစ်လာပါပြီတဲ့။ ချက်ချင်း ဝုန်းဒိုင်းဆိုပြီး လက်ထပ်တော့မယ်ဆိုပါတော့၊ မင်း ဘာလုပ်မလဲ။ ထားပါကွာ၊ မေလဆန်း ကျောင်းမဖွင့်ခင်လေးအထိ အတောအတွင်းမှာပဲ လုပ်မယ်ပဲထားပါ။ မင်း ဘာလုပ်မလဲ"

ဘီအိုစီကောလိပ်နှင့် ပုဂံဆောင်ကြား သထုံလမ်းပေါ်မှ ခရေပင်များရိပ်တွင် တစ္ဆေများစွာ စုပြုံခြောက်လှန့်သလို ခံစားလိုက်ရ၏။

အံကို တင်းတင်းကြိတ်လိုက်မိ၏။

"နောက်ဆုံး မတတ်သာရင် ဖြစ်ချင်ရာဖြစ်ဆိုပြီး ဇွတ်မှိတ်လုပ်ရမှာပဲ ကျော်ညွန့်။ ခင်လေးနဲ့ကွဲရင် ငါ့ဘဝမှာ ဘာမှ အဓိပ္ပာယ်ရှိတော့မှာမဟုတ်ဘူး"

"တော်စမ်းကွာ"

ကျော်ညွန့်ထံမှ ပြတ်တောင်းတောင်းလေသံကြောင့် ကျွန်တော် အံ့အားတသင့် လှည့်ကြည့်လိုက်သည်။ အတန်ငယ် ကျယ်သွားသော သူ့အသံကြောင့် ခရေပင်တန်းဘက်မှ လမ်းလျှောက်သွားသော ကျောင်းသူတချို့ပင် လှည့်ကြည့်သည်။

ကျော်ညွန့်က လေသံကို လျှော့လိုက်ပြီး-

"ငါ့ကို အဲဒီစကားမျိုးတွေ လာမပြောစမ်းပါနဲ့ ထွန်းဝေရာ၊ နားကြားပြင်းကတ်လွန်းလို့။ နေပါဦး၊ ခင်လေးနဲ့မင်းမတွေ့ခင်က မင်းဘဝဆိုတာ ဒီလိုပဲ အဓိပ္ပာယ်မဲ့ ဖြစ်ခဲ့လို့လား"

သည်စကားနှင့်ပတ်သက်၍ ကျော်ညွန့်ကို ပြန်မငြင်းသည်မှာ အကောင်းဆုံးဖြစ်မည်ဟု တွေးမိသည်။

သို့သော် စိတ်တွင်းမှာတော့ စကားလေးတစ်ခွန်း သူမကြားအောင် ပြောလိုက်မိသည်။

(ဆက်လက်ဖော်ပြပါမည်)

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ **စာတည်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁H)၊ ဗညားဒလရပ်ကွက်၊ (၈)ဦးအောင်ဇေယျ(၁၂)လမ်း ၊မြေကွက်အမှတ်(၁၂၁၇)၊ အကျယ်ပေ(၄၀x၆၀)ရှိ ဦးအုန်းမြင့်+ ဒေါ်ခင်မြမြတို့ အမည်ပေါက်ဖြင့် နှစ်(၆၀) မြေငှားဂရန်ထွက်ရှိထားသော မြေနှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခဲ့ရာမှ နောက်ဆုံးလက်ဝယ်ထားပိုင်ဆိုင်သူ ဦးဝင်းနိုင် [၁၄/ကလန(နိုင်)၀၇၅၂၀၁] မှ ၎င်းအမှန်တကယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလာသောကြောင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးရဲရင့်သူ၊ နိုင်ငံသားအမှတ် [၁၂/ကမတ(နိုင်) ၀၇၁၁၅၇] ကိုင်ဆောင်သူမှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေကာ ဝယ်ယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းပစ္စည်းမြေအိမ်၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်သူမရှိပါက မြေအိမ် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးရဲရင့်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၉၈)**
**ဖုန်း-၀၉-၄၄၂၉၁၂၂၉၇**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့ဘူတာရုံလမ်း၊ ကံဘဲ့တာဝါကွန်ဒို၊ (၁၂)လွှာ၊ B-A၊ တိုက်အမှတ်(၁၂၀၇) တွင် နေထိုင်သူ ဒေါ်သဇင်ထွန်း [၁၂/ကမတ(နိုင်) ၀၈၄၂၄၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိစေအပ်ပါသည်-

အထက်ပါ ကျွန်ုပ်၏မိတ်ဆွေ Sweetie Jojoe အကောင့်အား ပုဂ္ဂိုလ်ရေးအရ စော်ကားနှောင့်ယှက်မှုများ၊ လူမှုရေးအရပုတ်ခတ်ပြောဆိုမှုများ၊ မလျော်ညွှဇာသုံး၍ ခြိမ်းခြောက်မှုများ၊ ဆိုရှယ်မီဒီယာလူမှုကွန်ရက်မှတစ်ဆင့် သော်လည်းကောင်း၊ ဖွေ့ဘုတ်မှသော်လည်းကောင်း၊ မက်ဆင်ဂျာမှသော်လည်းကောင်း၊ တယ်လီဂရန်မှတစ်ဆင့် သော်လည်းကောင်း၊ တယ်လီဖုန်းမက်ဆေ့များမှတစ်ဆင့်သော်လည်းကောင်း၊ ဂုဏ်သိက္ခာ ကျဆင်းညှိုးနွမ်းစေရန်အတွက် ရည်ရွယ်ချက်ရှိရှိဖြင့် ရေးသားပြောဆိုမှုများအား မပြုလုပ်ပါရန်နှင့် ပြုလုပ်ဆောင်ရွက်လာပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်သဇင်စိုး(LL.B) (D.B.L) (D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၄၄)**
**အမှတ်(၂၇၀)၊ ခေမာ(၂)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၉၇၄၆၀၀၈၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇) မြေကွက်အမှတ်(၁၀၀၈/က)ဟု ခေါ်တွင်သော တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၁၀၀၈/က) မြေညီထပ်ဟု ခေါ်တွင်သော တိုက်ခန်းအား ကန်ထရိုက်တာဖြစ်သူ ဦးလှမြင့် [၁၂/ပဘတ(နိုင်) ၀၂၁၂၁၃]ထံမှ ဦးတင်လတ် [၁၂/ဥကတ(နိုင်)၂၀၄၃၀၇]နှင့် ဒေါ်ခင်မာလွင် [၁၂/ဥကတ(နိုင်)၂၀၅၂၂၆]တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်ဝင်း [၁၄/ဝခမ(နိုင်)၁၇၂၁၀၆]မှ အထက်ပါ တိုက်ခန်းအား ဦးတင်လတ်၊ ဒေါ်ခင်မာလွင်တို့ထံမှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာမင်း LL.B, D.B.L, D.I.L, D.M.L,D.A.Psy**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၄၀)**
**အမှတ်(၄၂၉)၊ သုမိတ္တာ (၁၁)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ခြံအမှတ်(၆)၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်။**
**၀၉-၄၂၅၀၁၃၁၂၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**

**ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၆၅**

| | | |
|---|---|---|
| ဦးအောင်သန်း | နှင့် | ၁။ ဒေါ်အေးအိမ် |
| | | ၂။ ဦးမောင်မောင်သန်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ သုမန(၄)လမ်း၊ အမှတ်-၇/၅နေ (၁) တရားပြိုင် ဒေါ်အေးအိမ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ (၇)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်- ၈၁ နေ (၂) တရားပြိုင် ဦးမောင်မောင်သန်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးအောင်သန်းက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၁ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနသည် (၂၀၂၄-၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆေးရုံအဆင့်မြှင့်တင်ရေးလုပ်ငန်းအတွက် ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် တင်ဒါအမှတ်- 20DMS/2024-2025(L)ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ - စတင်ရောင်းချမည့်ရက် | - | (၁၃-၁၁-၂၀၂၄) ရက်၊ ဗုဒ္ဓဟူးနေ့ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | (၂၆-၁၁-၂၀၂၄) ရက်၊ မွန်းတည့် (၁၂: ၀၀) နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | - | ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ်(၇)၊ တတိယထပ် (၄ လွှာ)၊ ခြေရင်းခန်း၊ အကျယ်အဝန်း (အလျား၁၂ပေခွဲxအနံ၅၀ပေ) ရှိတိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ မြေရှင် ဦးဇော်မြင့် [၁၂/ဒပန(နိုင်) ၀၄၁၈၅၇] ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးစိုးမြင့် [၁၂/သဃက(နိုင်) ၁၃၃၆၅၃] က ဝယ်ယူရန် စရန်ငွေအချို့ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထား မူရင်းစာရွက်စာတမ်းများ ယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်သွယ်သွယ်ဌေး(LL.B, D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၆၀)**
**တိုက်(T-2)၊ အခန်း(၇၀၁)၊ ဇောတိကအိမ်ရာ၊ ဇ/မြောက်ရပ်ကွက်၊**
**သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - 09-455753702**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၃**

| | | |
|---|---|---|
| ကြိုချောင်း(ခ)ယော်နန် | နှင့် | ဦးအောင်သွင် |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ဖိုးဝင်း(၂)လမ်း၊အမှတ် (၇၄၅)နေ ဦးအောင်သွင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင်ကိုယ်စား ရုံးတော်အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ (၂၆)ရက် (၁၃၈၆-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၁ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ် ၊ နိုဝင်ဘာလ (၁၁)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဉာဏ်လင်းထက်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၄**

| | | |
|---|---|---|
| ကြိုချောင်း(ခ)ယော်နန် | နှင့် | ဦးကျော်ဝင်းသိန်း |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ သဇင်မင်းသန်းလမ်း၊အမှတ် (၁၉၀) နေ ဦးကျော်ဝင်းသိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင်ကိုယ်စား ရုံးတော်အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာ(၂၆)ရက်(၁၃၈၆-ခုနှစ်) တန်ဆောင်မုန်းလဆုတ် (၁၁)ရက် မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဉာဏ်လင်းထက်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၉၁)၊ မြေကွက်အမှတ်(၁၁၆၈)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေယာဌာနတွင် ဒေါ်မေသိန်းရီ ( BSN/W 181985)မှ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ညွန့်ညွန့်အေး [၁၂/ဥကတ(နိုင်) ၀၈၆၂၁၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီသန့် [၁၂/သကတ(နိုင်) ၁၃၈၄၈၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဲစုထွေး (LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၁၇၃)**
**အမှတ်- ၆၂ (ပထမထပ်)၊ အခန်းအမှတ်- ၉၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်။**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၁၀၂၀၄၁၅ ၊ ၀၉-၆၇၂၄၄၄၆၅၆**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ မြိုင်ဟေဝန်အိမ်ရာလမ်း၊ တိုက်အမှတ် (၄) ၊ အခန်း (၅-အေ)၊ ၅-လွှာ ဟုခေါ်တွင်သော အကျယ်အဝန်း (၁၅' x ၅၄') ရှိ ကိုယ်ပိုင်ရေမီးသုံးစွဲခွင့်ပါဝင်သော တိုက်ခန်းနှင့်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မိမိလက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဒေါ်စန္ဒာ [၁၃/လရန(နိုင်) ၁၃၃၄၉၁] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ် ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်း ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း များဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး (LL.B,D.B.L,D.I.L,D.I.R)**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၈၃၃၂)**
**အမှတ် (၁၅၉၅) ၊ ဖိုးရာဇာ (၃) လမ်း၊ (၄၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၅၁၃၇၈၀၀၇**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ဇာတိမာန်လမ်း၊ တိုက်အမှတ် (၁၈/၄၅) ဟုခေါ်တွင်သော (၂) ခန်းတွဲ (၅) ထပ်တိုက်၏ ပထမထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၆'x၅၀')ရှိ ကိုယ်ပိုင်ရေမီးသုံးစွဲခွင့်ပါဝင်သော တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား မိမိလက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဒေါ်မေနှင်းပုလဲ [၁၂/လမန (နိုင်) ၁၄၈၈၅၁] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်း ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး ( LL.B,D.B.L,D.I.L,D.I.R)**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၈၃၃၂)**
**အမှတ် (၁၅၉၅) ၊ ဖိုးရာဇာ (၃) လမ်း၊ (၄၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၅၁၃၇၈၀၀၇**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကျော်သင်းနိုင်၏ သား ကောင်းမြတ်သူ [၁/ဗမန (နိုင်) ၀၉၆၄၆၄]၏ နိုင်ငံကူးလက်မှတ် အမှတ် (MH 152257) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၂၆၄၅၉၉၁**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၇၊ မြေကွက်အမှတ်- ၆၄၁၊ မြေကွက်တည်နေရာအမှတ်- ၆၄၁၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ ၃၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစိန်ဝင်း (OPO- ၀၀၃၂၃၅) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် တရားမရုံး၊ တရားမကြီးမှုအမှတ် (၁၇/၂၀၂၁)ဖြင့် ဒေါ်အေးအေးဆွေ၊ ဦးအောင်မျိုးဦး(၎င်းတို့၏ ကိုယ်စားလှယ်ရသူ ဒေါ်စုစုလှိုင်)မှ တရားလိုပြု၍ ဦးစိန်ဝင်း (မြေအမည်ပေါက်) အပေါ် (တရားပြိုင်)ထားကာ မြေကွက်နှင့်နေအိမ် အပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုကြောင်း တရားစွဲဆိုခဲ့ရာ စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၂-၁၁-၂၀၂၁)ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်- ၂၉/၂၀၂၁ ၏ နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံ မြေရာဇဝင် ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၁၁-၂-၂၀၂၂) ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀) မြေငှားစာချုပ်ဂရန်တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**သဃ်ာန်းကျွန်းခရိုင်တရားရုံး**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၄၁**

| | | |
|---|---|---|
| ၁။ ဒေါ်လွင်လွင်ဦး | နှင့် | ၁။ ဒေါ်မြင့်ဌေး |
| ၂။ ဒေါ်ဇာနည်ဝင်း | | ၂။ ဒေါ်စုစုတင် |
| | | ၃။ ဦးအောင်သက်လင်း |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ သုံးခွစံပြကျေးရွာနေ (၁)တရားပြိုင် ဒေါ်မြင့်ဌေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအား အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု"ကို လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေပါစေ၍ ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၈)ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်) မွန်းမတည့်မီနံနက် (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းသီတာဝေ)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**သဃ်ာန်းကျွန်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာချက်

ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ တပင်ရွှေထီးလမ်းနှင့် သိမ်ကျောင်းလမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉/ဝါးတရာစက်မှုဇုန်)၊ မြေကွက်အမှတ် (၂၅၆)တွင် (၁)ထပ် Steel ( Warehouse)(ဆန်နှင့် ပဲအမျိုးမျိုးသိုလှောင်ရုံ) ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့်ရရှိသူ ဦးကြည်လွင်မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့်မှာ သက်တမ်း (၃)နှစ်ကျော်လွန်နေပါသဖြင့် အဆောက်အဦဆောက်လုပ်ခွင့် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ တိုက်အမှတ်- ၁၀၇/၁၀၉၊ ၂-ခန်းတွဲ (၈)ထပ်ခွဲတိုက်၏ ၈-လွှာ(ဝဲ)၊ အကျယ်အဝန်း (၁၉ပေx ၅၅ပေ)ရှိ ခေတ်လှေကားပါ အခန်းအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အားလုံးကို ၁။ ဦးစိုးမင်း [၁၀/မလမ(နိုင်) ၁၆၇၀၄၄]၊ ၂။ ဒေါ်နှင်းသဇင် [၁၀/မလမ(နိုင်)၁၅၁၃၁၀]၊ ၃။ ဒေါ်ပန်းချယ်ရီ[၁၀/မလမ(နိုင်) ၁၉၀၄၅၂]တို့က (၂၆-၈-၂၀၂၄)ရက်စွဲပါ Mini Condo (၈)လွှာတိုက်ခန်း အပြီးအပိုင်ရောင်းဝယ်ခြင်း ကတိစာချုပ်မူရင်းအားပြသပြီး အမွေဆိုင် အရှုပ်အထွေးကင်းရှင်းကြောင်း၊ တရားဝင်လက်ရှိထား စီမံခန့်ခွဲလျက်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင်လွှဲပြောင်း ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်မြတ် (LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၉)**
**အမှတ်-၁၇၈၊ အခန်း(၅)၊ ဒုထပ်၊ ဗိုလ်အောင်ကျော်လမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၀၈၂၁၉၂၊ ၀၉-၅၄၁၂၇၅၊ ၀၉-၉၇၅၅၅၇၇၄၅**

## ဒဂုံမြို့သစ်တောင်ပိုင်း၊ (၅၃)ရပ်ကွက်၊ နှင်းဆီမြိုင်လမ်း၊ မြေကွက်အမှတ်(၈၂၅)နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သဲဖြူချောင်းကျေးရွာ၊ ဦးဝိဇ္ဇာ(၃)လမ်း၊ အမှတ်(--)နေ မှတ်ပုံတင်အမှတ်[၁၂/သလန(နိုင်) ၀၀၃၇၈၂] ကိုင်ဆောင်သူ ဦးသက်နိုင်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်အေးမာစိုး (ဘ) ဦးကြည်အောင်၊ မှတ်ပုံတင်အမှတ် [၁၂/ဒဂတ(နိုင်) ၀၂၉၅၁၈] ကိုင်ဆောင်သူနှင့် ဦးသက်နိုင်ထွေးတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ (၂၆-၃-၂၀၁၈) ရက်နေ့က တရားဝင်ကွာရှင်းခဲ့ကြပါသည်။ လက်ထက်ပွားပစ္စည်း ခွဲဝေခဲ့ခြင်းမရှိခဲ့ပါ။ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၅၃)ရပ်ကွက်၊ နှင်းဆီမြိုင်လမ်း၊ မြေကွက်အမှတ်(၈၂၅)နှင့် ထိုမြေပေါ်တွင်ဆောက်လုပ်ထားသော (၁)ထပ်တိုက်တို့မှာ ၎င်းတို့ (၂)ဦးပိုင်ဖြစ်ပါသည်။ နှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းဖြစ်၍ တရားဝင်ပစ္စည်းခွဲခဲ့ခြင်းမရှိသေးသော ဒဂုံမြို့သစ်တောင်ပိုင်း၊ (၅၃)ရပ်ကွက်၊ နှင်းဆီမြိုင်လမ်း၊ မြေကွက်အမှတ်(၈၂၅)နှင့် ထိုမြေပေါ်တွင်ဆောက်လုပ်ထားသော (၁)ထပ်တိုက်နှင့်ပတ်သက်၍ ဦးသက်နိုင်ထွေး၏ ခွင့်ပြုချက်မရှိဘဲ ပေါင်နှံခြင်း၊ အလွှဲသုံးစားပြုလုပ်ခြင်း၊ အရောင်းအဝယ် ပြုလုပ်ခြင်းတို့ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နေခြည်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၇၀) (၂၃-၁၂-၂၀၁၄)**
**အမှတ်(၄၅၂)၊ ကံဦးကျောင်းလမ်း၊ ဘုရားကုန်း၊ သန်လျင်မြို့။**
**Ph: 09-422692152**

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းနိုင်(၁၂/သခန(နိုင်)၀၅၃၁၁၄)ကိုင်ဆောင်သူသည်ရန်ကုန်တိုင်းဒေသကြီး။ သာကေတမြို့နယ်၊၂/တောင်ရပ်ကွက်၊ ရန်ပြေ(၅)လမ်း(အရှေ့)၊အမှတ်(၁၀၉၅)ရှိမြေပေါ်တွင် ဆောက်လုပ်ထားသော (၁၈ × ၅၄) ပေ တိုက်ခန်း၏ ပထမထပ်(၂လွှာ)ဟုခေါ်တွင်သော တိုက်ခန်းကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာဦးလှဝင်း(၁၂/တမန (နိုင်) ၁၃၉၅၄၉)ထံမှ ၎င်းသတ်မှတ်သည့်ငွေတန်ဖိုးအတိုင်း(၆.၁၁.၂၀၂၄)ရက်နေ့တွင် အပြည့်အဝတလုံးတခဲတည်း ပေးချေဝယ်ယူပြီးဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများ၊ လူသက်သေများနှင့်တကွ တရားဝင်ပိုင်ရှင်တစ်ဦးတည်းသာ ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

| ဒေါ်ခင်လတ်လတ်စိုး | ဒေါ်သင်းသင်းဆွေ | ဦးဇော်မင်းထွဋ် |
|---|---|---|
| (စဉ်-၈၅၂၆/၂၀၁၂) | (စဉ်-၉၆၉၅/၂၀၁၄) | (စဉ်-၅၁၅၄၁/၂၀၁၉) |
| LL.B(Q),LL.M, B.A (Business Law) | (LL.B) | (LL.B) |
| (တရားလွှတ်တော်ရှေ့နေများ) | | (အထက်တန်းရှေ့နေ) |

အမှတ်(၄)၊၁လမ်း၊ပုသိမ်မြေရပ်ကွက်၊ဒေါပုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ Ph: 09 5405801

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ ၁၁)**

**သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၁၀၈**

ဒေါ်နွယ်နှောင်းဝင်း --------------- လျှောက်ထားသူ။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ အောင်ရိပ်သာလမ်း၊ အမှတ်- ၇၁ နေ အရွယ်မရောက်သေးသူ မရွှေရည်ဝတ်မှုန်အား ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရိပ်သာလမ်း၊ အမှတ်- ၇၁ နေ လျှောက်ထားသူ ဒေါ်နွယ်နှောင်းဝင်းက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ၏ မိခင်အရင်း တော်စပ်သူဖြစ်သည်ဟူ၍ ၎င်းသူ၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်အပ်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန် အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက်)နေ့ နံနက် (၁၀:၀၀)နာရီအချိန်တွင် ဆိုင်ဆိုရန်ချိန်းဆိုသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်နေ့တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်နွယ်အောင်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) ကြော်ငြာစာအမှတ်( ၇ / ၂၀၂၄ )

**၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်**
**( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် )**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူး (၁၅၁)နေရာများအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | နေရာ |
|---|---|---|---|
| (က) | အလုပ်ရုံစိတ်မှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | B.Tech(Mech;/MC) AGTI( MP / MT / MC EP / EC ) | (၆၀)နေရာ |
| ( ခ ) | ထုတ်လုပ်ရေး ကျွမ်းကျင်(၅) (၁၆၂,၀၀၀-၂၀၀၀-၁၇၂,၀၀၀) | ITC လက်မှတ်ရ | (၈၈)နေရာ |
| (ဂ) | လုပ်သား (၁၄၄,၀၀၀-၂,၀၀၀-၁၅၄,၀၀၀) | THS လက်မှတ်ရ/ အလကအောင် | (၃)နေရာ |

၂။ လျှောက်ထားသူသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
- ( ခ ) ၃၀.၁၁.၂၀၂၄ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၃၄)နှစ် ထက်မကျော်လွန်ရ။ (နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက) (၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- ( ဂ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။
